
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

လူထုစိန်ဝင်း

# လက်သီးဆုပ်ကို ဖြေလိုက်ပါ



mgyoe.com



လူထုစိန်ဝင်း

# လက်သီးဆုပ်ကို ဖြေလိုက်ပါ

LHS0004
2,000.00 KS

mgyoe.com

လက်သီးဆုပ်ကိုဖြေလိုက်ပါ
လူထုစိန်ဝင်း

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၅၂၀ ၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၅၆၂ ဝ၆၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာစာစီ | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၀၀၀ · ၀၄

စိန်ဝင်း၊ လူထု
လက်သီးဆုပ်ကိုဖြေလိုက်ပါ /
ဦးလှထွန်း(ဂန္ဓမာ)- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂၊
စာမျက်နှာ ၁၈၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ
(၁) လက်သီးဆုပ်ကိုဖြေလိုက်ပါ

၂၀၁၂၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


၁။ မယုံနိုင်စရာတွေများတဲ့ ၂၀၁၁ ၁
၂။ လက်သီးဆုပ်ကို ဖြေလိုက်ပါ ၅
၃။ လူငယ်ဆိုတာ ၉
၄။ ဝေတ်ဖူးမှ ဆင်းရဲတဲ့အကြောင်း သိတယ် ၁၅
၅။ မြန်မာတွေက လူကိုမကြည့် မူကိုသာ ကြည့်တယ် ၁၉
၆။ စာနယ်ဇင်းသမားနဲ့ ရပ်တည်ချက် ၂၄
၇။ လူငယ်နဲ့ နားထောင်ခြင်းကုထုံး ၂၉
၈။ သတင်းတွေဟာ သမိုင်းစာအုပ်ကြီးရဲ့ ပထမ မူကြမ်း ဖြစ်တယ် ၃၅
၉။ ဝိဝိနဲ့တွဲ ဆိုတဲ့ မြန်မာစကားသံတွေ ၄၀
၁၀။ စတုတ္ထမဏ္ဍိုင် ပီသဖို့ပဲ အရေးကြီးတယ် ၄၅
၁၁။ ဆေးမြီးတိုနဲ့ စာနယ်ဇင်း အာပတ်သင့်တဲ့ကိစ္စ ၄၉
၁၂။ ပညာရေးအဆင့် မြှင့်တင်ဖို့ ၅၃
၁၃။ သုဝဏ္ဏသျှံတွေ ရွှေအိုးထမ်းလာပါစေ ၅၇
၁၄။ အစိုးရသစ်အတွက် ဈေးဦးပေါက်ရလိုက်တဲ့အရာ ၆၁
၁၅။ ပုဂ္ဂလိကပိုင်ပြုရေးနဲ့ လူ့အခွင့်အရေး ၆၅
၁၆။ ပါးစပ်သတင်းစာထုတ်ခြင်း ၇၀
၁၇။ ကန်စွန်းခင်းရှိလို့ ငြိတာပါ ၇၆
၁၈။ ပညာမာနဆိုတာ ထားကောင်းပါတယ် ၈၁
၁၉။ မြန်မာတွေက အနှစ်သာရကိုသာ တန်ဖိုးထား ၈၆


mgyoe.com

mgyoe.com


၂၀။ ညောင်ဦးကမ်းပါး မပြိုအောင် ကြိုတင်ကာကွယ်ဖို့ ၉၁
၂၁။ ဓာတ်ပုံသတင်းထောက်နဲ့ ကျင့်ဝတ် ၉၆
၂၂။ အဓိကနဲ့ သာမညခွဲတတ်ဖို့လိုတယ် ၁၀၁
၂၃။ သတင်းပိုးက ခြင်ဆီထဲထိ ရောက်နေပြီ ၁၀၅
၂၄။ အများကြီး ကြိုးစားရဦးမယ် ၁၀၈
၂၅။ ပွတ်တယ်ထင် ဒူးသာဒူး ၁၁၃
၂၆။ အပြစ်တင်တာကို အကောင်းမြင်စိတ်နဲ့ ကြည့်ပါ ၁၁၇
၂၇။ အင်တာနက်က ကမ္ဘာကြီးကို ကယ်တင်မယ် ၁၂၁
၂၈။ ဓာတ်ပုံနဲ့ မူပိုင်ခွင့် ၁၂၆
၂၉။ ငွေကို ရေလို စီးဆင်းနေစေရမယ် ၁၃၀
၃၀။ အလုပ်နဲ့ဂုဏ် ၁၃၃
၃၁။ လွှတ်တော်နဲ့ သတင်းသမား ၁၃၇
၃၂။ မဟာပညာကျော်များနဲ့ မဟာဘောဂသူဌေးကြီးများ ၁၄၁
၃၃။ လူတော်လူကောင်းနဲ့ လူကြီးလူကောင်း ၁၄၆
၃၄။ ရောဝတီမရှိရင် မြန်မာဆိုတာ မရှိနိုင်ဘူး ၁၅၀
၃၅။ ထူးမခြားနား မီးရေစုံသား ၁၅၂
၃၆။ လိပ်ပြာသန့်ဖို့သာ အရေးကြီးတယ် ၁၅၈
၃၇။ ဆိုခဲစေ၊ မြဲစေ၊ ဦးတည်ချက်ခိုင်မာစေ ၁၆၂
၃၈။ ဒီမိုကရေစီ လမ်းကြောင်းက သွေဖည်အောင် မလုပ်ပါနဲ့ ၁၆၇
၃၉။ ဂျာနယ်တွေ တာဝန်ကျေကြတယ် ၁၇၂
၄၀။ ကွာဟချက် ၁၇၆
၄၁။ မတားပါနဲ့ ကြည့်ပါစေ ၁၈၀


mgyoe.com

mgyoe.com

# မယုံနိုင်စရာတွေများတဲ့ ၂၀၁၁

၂၀၁၁ ခုကို ခြုံငုံပြီး သုံးသပ်တဲ့ ဆောင်းပါးရေးပေးဖို့ ဂျာနယ်တိုင်းက တောင်းဆိုကြတယ်။ နှစ်တစ်နှစ် ကုန်ဆုံးချိန်မှာ သတင်းသမားတိုင်း မလွဲမသွေ လုပ်ကြရတဲ့ အလုပ်တစ်ခုပါ။ စာဖတ်ပရိသတ်အတွက် အချိန်တိုအတွင်း သိသင့် သိထိုက်တာ မှန်သမျှ ကြွင်းကျန်မနေရစ်အောင် နှစ်ချုပ်စာရင်း လုပ်ပေးတဲ့ သဘောမျိုး ဆိုပါတော့။

## မယုံရတဲ့နှစ်

သတင်းစာသမားရဲ့ စရိုက်အတိုင်း အတိုဆုံးနဲ့ အရှင်းဆုံး “လိုတိုရှင်း” ပဲ ပြောရရင်တော့ ၂၀၁၁ ခု တစ်နှစ်လုံးဟာ မယုံနိုင်စရာတွေ တစ်ခုပြီးတစ်ခု အဆက်မပြတ် မြင်တွေ့ကြားသိနေရတဲ့ နှစ်ဖြစ်လို့ “မယုံရတဲ့နှစ်”လို့ပဲ ပြော ရပါလိမ့်မယ်။ နှစ်ဦးပိုင်းမှာပဲ ၁၉၈၈ ခုနှစ်ကတည်းက တစ်သွေးတစ်သံ တစ်မိန့် အာဏာရှင်စနစ်နဲ့ တိုင်းပြည်ကို အုပ်ချုပ်လာခဲ့တဲ့ “နယက”စစ်အစိုးရအဖွဲ့ကို ဖျက်သိမ်းကြောင်း တရားဝင်ထုတ်ပြန်ကြေညာပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အဖြစ်ကနေ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အဖြစ်ကို ပြောင်းလဲသွား တယ်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရာထူးတာဝန် အားလုံးက အနားယူလိုက်ပြီ လို့ သတင်းတွေက ဆိုတယ်။ ဒါဟာ ပြည်သူတွေအတွက်တော့ တကယ်ကို မယုံနိုင်စရာသတင်း ဖြစ်တယ်။

## ဒီမိုကရေစီရနံ့သင်း

အရပ်သားအသွင် ပြောင်းသွားတဲ့ ဦးသိန်းစိန်က သမ္မတရာထူး ရယူပြီး ပထမဆုံး ပြောကြားလိုက်တဲ့ မိန့်ခွန်းမှာပဲ ပြည်သူလူထုက ရွေးချယ်တင်မြှောက်

mgyoe.com

mgyoe.com


လိုက်တဲ့ အစိုးရဖြစ်တာကြောင့် ပြည်သူလူထုရဲ့ ဆန္ဒကို အလေးထားပြီး ပြည်သူတွေ လိုလားတဲ့ ဒီမိုကရေစီစနစ်ကို မဖြစ်မနေ အကောင်အထည်ဖော်သွားမယ်။ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်သွားမယ်။ တရားဥပဒေစိုးမိုးရေး မဖြစ်မနေ ဆောင်ရွက်မယ်။ စတုတ္ထမဏ္ဍိုင်ကိုလည်း ကြံ့ခိုင်အောင် ဆောင်ရွက်မယ် စတဲ့ ဒီမိုကရေစီ ရနံ့သင်းတဲ့ စကားတွေကို ပြောကြားလိုက်တယ်။ ဒါလည်း မယုံနိုင်စရာသတင်း ဖြစ်တယ်။

## သမ္မတကြီးနဲ့ တွေ့ဆုံ

အဲဒီနောက် ဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံကြတယ်။ နောက်တစ်ကြိမ် ထပ်တွေ့တယ်။ အဲဒီနောက် နိုင်ငံတော် သမ္မတကြီး ကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်ကို နေပြည်တော်မှာ တွေ့ဆုံတယ်။ ဒါဟာ ဘယ်လိုမှကို မယုံနိုင်လောက်တဲ့သတင်း ဖြစ်တယ်။ မကြာခင် ကာလလေးအထိ နာမည်ကိုတောင် မကြားချင်ဘူးဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတကြီးက တွေ့ဆုံခဲ့ရုံမက လွှတ်တော်ဥက္ကဋ္ဌကြီး နှစ်ယောက်စလုံးကလည်း ဒေါ်အောင်ဆန်းစုကြည်ကို လေးစားကြောင်း၊ လွှတ်တော်နိုင်ငံရေးမှာ ပါဝင်လာပါက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း ဆိုတဲ့ စကားတွေ ပြောကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း အခုလို တွေ့ဆုံရတာ အားရကျေနပ်ကြောင်း၊ သမ္မတဦးသိန်းစိန်ရဲ့ ရိုးသားဖြူစင်မှုကို ယုံကြည်ကြောင်း ပြောခဲ့တယ်။ တကယ် မယုံနိုင်စရာဘဲ မဟုတ်လား။

## ကာဗာဂဲနဲ့ ဘက်စ်ဆဲလား

အဲဒီနောက်တော့ မယုံနိုင်စရာတွေ တစ်ခုပြီးတစ်ခု နေ့စဉ်ရက်ဆက် တွေ့လာရတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံတွေ ဂျာနယ်တိုင်းမှာ တွေ့လာရတယ်။ သူနဲ့ အင်တာဗျူးခွင့်ရဖို့ အပြိုင်အဆိုင် အလုအယက် ကြိုးစားကြတယ်။ "တစ်မိုးလုံးဖျောက်ဆိပ်"ဆိုသလို ဂျာနယ်တိုင်းရဲ့ မျက်နှာဖုံးမှာ သူ့ပုံတွေချည်း ဖြစ်နေတော့တယ်။ တချို့လူနောက်တွေက ဒေါ်အောင်ဆန်းစုကြည်လည်း ဂျာနယ်သမားတွေကြောင့် မျက်နှာဖုံးမယ် "ကာဗာဂဲ" ဖြစ်နေပြီလို့ နောက်ပြောင်ပြောဆိုကြတယ်။ တချို့က သူကိုယ်တိုင် ရေးခဲ့တဲ့ စာတွေကို ရအောင်တောင်းပြီး ထည့်ကြတယ်။ သူသာမကဘူး။ အရင်က နာမည်ကို

mgyoe.com

mgyoe.com


တောင် ထည့်ရေးလို့မရတဲ့ ဦးဝင်းတင်ရဲ့ စာတွေပါ ဂျာနယ်တွေမှာ ထည့်ခွင့်၊ စာအုပ်ထုတ်ဝေခွင့် ရလာတယ်။ ချက်ချင်းဆိုသလို ဦးဝင်းတင်လည်း ထုတ်ဝေသူတွေ အလုအယက် အလိုက်ခံရတဲ့ "ဘက်စ်ဆဲလား"တစ်ယောက်အဖြစ် ရောက်သွားတယ်။ ဒါတွေဟာ မယုံနိုင်စရာတွေချည်း မဟုတ်လား။

## ရေကာတာစီမံကိန်းကိစ္စ

အတိုက်အခံ အင်အားစုတွေနဲ့ မတူတာတွေ ဖယ်ထားပြီး တူတာတွေ လက်တွဲလုပ်ဆောင်သွားမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသူတွေနဲ့ လက်တွဲလုပ်ဆောင်သွားနိုင်မယ့် နည်းလမ်းများရှာဖို့ ဆောင်ရွက်သွားမယ်။ ထာဝရငြိမ်းချမ်းရေးရအောင် ဆောင်ရွက်သွားမယ်ဆိုတဲ့ အားတက်စရာ စကားတွေလည်း အစိုးရအဖွဲ့ ခေါင်းဆောင်တွေဆီက နေ့စဉ်လို ကြားရတယ်။ ဘယ်လိုမှ မယုံနိုင်စရာ စကားတွေပဲ။ မယုံနိုင်စရာတွေထဲက အရေးကြီးဆုံး မယုံနိုင်စရာ တစ်ခုကတော့ ဧရာဝတီ မြစ်ဆုံရေကာတာ စီမံကိန်းကို ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ ဆက်လက်မလုပ်တော့ဘဲ ရပ်ဆိုင်းလိုက်တယ် ဆိုတဲ့ သမ္မတ ဦးသိန်းစိန်ရဲ့ ဆုံးဖြတ်ချက် ဖြစ်တယ်။ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို လေးစားလို့ အစိုးရရဲ့ ပေါ်လစီတစ်ခုကို ပြောင်းလဲလိုက်တယ် ဆိုတဲ့ ကိစ္စမျိုး နှစ်ငါးဆယ်အတွင်း တစ်ခါမှ မကြားဖူးခဲ့ဘူး။ လုံးဝကို မယုံနိုင်စရာ ကိစ္စ ဖြစ်ပါတယ်။

## မျက်ဝါးထင်ထင် မြင်တွေ့ရ

မယုံနိုင်စရာ ဖြစ်ပျက်ပြောင်းလဲမှုတွေ ဆက်တိုက်တွေ့မြင်ခဲ့ကြရသလို၊ မျက်ဝါးထင်ထင် မြင်တွေ့ရလို့ သံသယပွားစရာမလိုဘဲ ယုံလိုက်ရတဲ့ သတင်းတွေလည်း အများအပြားရှိတယ်။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေးမှာ သဃ်န်းကျွန်း မဲဆန္ဒနယ် အမှတ် ၁ ကိုယ်စားလှယ် ဦးကျော်က ရန်ကုန်မြို့တော်အတွင်း သောက်သုံးရေ ဖူလုံအောင် ဖြန့်ဖြူးရေး အဆိုတင်တယ်။ အဲဒီအဆိုကို မဲခွဲဆုံးဖြတ်တော့ ထောက်ခံမဲ ၂၄ မဲ၊ ကန့်ကွက်မဲ ၉၈ မဲနဲ့ ရှုံးသွားတယ်။ မယုံစရာဘဲ။ ဒါပေမဲ့ နိုဝင်ဘာ ၇ ရက် (7.11.2011) ထုတ် Messenger ဂျာနယ်မှာ ရေးထားတာဆိုတော့ ယုံလိုက်ရတယ်။ ရန်ကုန်အနီးအနားဒေသ တချို့က လယ်မြေတွေကို အကြောင်းအမျိုးမျိုးနဲ့

mgyoe.com

mgyoe.com


သိမ်းယူနေတဲ့အတွက် လယ်သမားတွေက အိုးအိမ်ဦးစီးဌာနရုံးရှေ့မှာ စုဝေးဆန္ဒပြကြတယ်။ နိုင်ငံတော် သမ္မတနဲ့တကွ လွှတ်တော်ဥက္ကဋ္ဌတွေက ပြည်သူ့ဆန္ဒကို လေးစားဖို့၊ ပြည်သူတွေ စိတ်ချမ်းသာအောင် ဆောင်ရွက်ဖို့ မကြာမကြာ ပြောနေတဲ့ကြားက ရန်ကုန်အနီးအနားမှာတောင် ဒီလို သိမ်းယူတာတွေ ရှိနေတယ်ဆိုတာ မယုံစရာပဲ။ ဒါပေမဲ့ အားလုံးမျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြရတာဆိုတော့ ယုံလိုက်ရတယ်။

## ဈေးတက်စီးပွားရေး

နောက်ပြီး မီးရထားခတွေ ဆယ်ဆတက်သွားတာလည်း အပြောမဟုတ်ဘူး၊ လက်တွေ့။ စာပို့ခက ပြည်တွင်းရိုးရိုး စာတစ်စောင်ပို့ခ နှစ်ဆယ်ကနေ တစ်ရာ၊ အမေရိကဆိုရင် သုံးဆယ်ကနေ ငါးရာတဲ့။ ရေခွန်တို့ အမှိုက်ခွန်တို့လည်း တက်ဦးမှာလို့ ကြားရတယ်။ နိုင်ငံခြားဈေးငွေတွေ၊ အကူအညီတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေက ဟီလာရီကလင်တန်နဲ့အတူ ပါလာတာ မဟုတ်ဘူး။ သူက လူလုံးချည်းလာတာ။ ချက်ချင်းလက်ငင်းကတော့ ဈေးတွေခေါင်ခိုက်အောင် တက်တာပဲ တွေ့ရသေးတယ်။ ဈေးကွက်စီးပွားရေးဆိုတာ ဈေးတွေ တက်ချင်တိုင်း တက်တာလားလို့ မေးရမလို ဖြစ်နေတယ်။ “ဈေးတက်စီးပွားရေး” လို့ ခေါ်ချင်တယ် ပြောသူတွေတောင် ရှိတယ်။

## တွေးမိတိုင်း အရိုးနာ

မယုံနိုင်အောင် ပြောင်းလဲတာတွေ တွေ့ရသလို မယုံနိုင်အောင် မပြောင်းလဲတာတွေလည်း ရှိနေသေးတယ်။ မင်းကိုနိုင်တို့ ခွန်ထွန်းဦးတို့ တစ်တွေ အကျဉ်းထောင်တွေထဲ ရှိမြဲရှိသေးတယ်။ နှစ်ခြောက်ဆယ်ကျော်ကြာ ပြည်တွင်းစစ်ကလည်း မရပ်စဲသေးဘူး။ တိုက်တုန်းခိုက်တုန်း သေကြကျေကြတုန်းပဲ။ တွေးကြည့်ရင် ရက်စရာကောင်းတယ်။ ဘယ်ဘက်ကသေသေ မြန်မာတွေချည့်ပဲ။ တွေးမိတိုင်း အရိုးနာပါတယ်။ ၂၀၁၂ နှစ်ချုပ် ရှင်းတမ်းလုပ်တဲ့အခါ မပါစေချင်တော့ဘူး။ ဒါကြောင့် မယုံနိုင်စရာတွေ အားလုံး ယုံစရာ ဖြစ်သွားအောင် လေမဟုတ်အလုပ်နဲ့ ပြကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

၁၂-၁၂-၂၀၁၁

■

mgyoe.com

mgyoe.com

## လက်သီးဆုပ်ကို ဖြေလိုက်ပါ

တော်တော်ကြီးမားတဲ့ စီးပွားရေးလုပ်ငန်းစုကြီး တစ်ခုကို ဦးစီးလုပ်ကိုင်နေတဲ့ ကျောင်းသူဟောင်းတစ်ယောက် ရှိပါတယ်။ အသက်လေးဆယ်ကျော်လေးနဲ့ အောင်မြင်မှုတွေ ရနေတာ မုဒိတာပွားစရာ ကောင်းလှတယ်။ ပွဲလမ်းတကာ အခမ်းအနားတကာမှာ သူ့နာမည်ကို ရှေ့ဆုံးနားမှာ အမြဲ တွေ့ရတယ်။

### နေ့မအားညမအား

တစ်နှစ်ကို တစ်ကြိမ်နှစ်ကြိမ် သူ ရောက်ရောက်လာလေ့ရှိတယ်။ ရောက်လာတဲ့အခါတိုင်း တတွတ်တွတ်နဲ့ စကားတွေ မနားတမ်းပြောပြီး ရင်ဖွင့်တတ်တယ်။ အများအားဖြင့်တော့ အလုပ်တွေနဲ့ နေ့ညမအားနိုင်အောင် ဖြစ်နေလို့ လူမှုရေးဝတ္တရားတွေ ပျက်ကွက်ရတဲ့ အကြောင်း ညည်းချင်းထုတ်တာတွေ ပါပဲ။ ဒါတောင် သူက အိမ်ထောင်ရှိတာ မဟုတ်ဘူး။ မိဘတွေကလည်း ကျန်းကျန်းမာမာနဲ့ ဆိုတော့ သူ့မှာ တာဝန်ကြီးကြီးမားမား ယူစရာမရှိဘူး။ လုပ်ငန်းကြီးတွေ လေးငါးခြောက်ခုထက်မနည်း ဦးစီးနေရတာဆိုတော့ အလုပ်များတာ သဘာဝကျတယ်။ ညည်းမယ်ဆို ညည်းထိုက်တယ်။ ငယ်ရွယ်တုန်း၊ အပင်ပန်းခံနိုင်တုန်း ကြိုးစားပါ။ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရင်ပေါင်းတန်းနိုင်တဲ့အထိ ကြိုးစားလိုက်စမ်းပါလို့ပဲ အားပေးစကား ပြောမိတယ်။

### သံသယဖြစ်စရာမရှိ

ဒီမိန်းကလေးဟာ ကျောင်းတုန်းကလည်း ပညာထူးချွန်ခဲ့သူ ဖြစ်တယ်။ ရည်မှန်းချက် ချမှတ်ပြီး ကြိုးစားအားထုတ်ရင် အိမ်နီးချင်းနိုင်ငံတွေအထိ ထိုး

mgyoe.com

mgyoe.com


ဖောက်နိုင်မယ် ဆိုတာ သံသယ ဖြစ်စရာမလိုဘူး။ သူနဲ့ ဆက်သွယ်ရောင်းဝယ်မှုပြုနေတဲ့ အိမ်နီးချင်း နိုင်ငံတွေက စီးပွားရေး လုပ်ငန်းရှင် အတော်များများဟာ သူ့လိုတောင် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား နိုင်နိုင်နင်းနင်း ဖတ်တတ်၊ ပြောတတ်ကြတာ မဟုတ်ဘူး။ တချို့ဆို စကားပြန်နဲ့ အလုပ်လုပ်နေကြရတာ။ သူကတော့ ဘယ်နိုင်ငံက ဘယ်သူလာလာ ကောင်းကောင်း ပြောဆိုဆက်ဆံနိုင်တယ်။ အင်္ဂလိပ်စကားအပြင် ဂျပန်စကားနဲ့ ပြင်သစ်စကားတောင် တတ်ထားသေးတယ်။

## မိသားစုပုံစံ

ရည်မှန်းချက်ချပြီး အသေအချာကြိုးစားရင် သူကောင်းကောင်း ဖြစ်နိုင်တယ်။ နေ့မအားညမအား ပင်ပန်းတယ်ဆိုတာကို သက်သာအောင် လုပ်လို့ရပါတယ်။ လုပ်ငန်းကြီးလုပ်တာကို လုပ်ငန်းကြီးနဲ့တူအောင် လုပ်တတ်ဖို့ပဲ လိုတယ်။ မြန်မာတွေရဲ့ လုပ်ရိုးလုပ်စဉ် လုပ်နည်းလုပ်ဟန်တွေတော့ ပြောင်းလဲပစ်ဖို့ လိုတာပေါ့။ အစဉ်အလာအားဖြင့် မြန်မာတွေက စီးပွားရေး လုပ်ငန်းကြီးတွေ လုပ်တာကိုလည်း အသေးစား မိသားစု စီးပွားရေးလုပ်ငန်း လုပ်သလိုပဲ လုပ်လေ့ရှိကြတယ်။ မိသားစု စီးပွားရေးမှာတော့ ဘာကိစ္စမဆို အဖေ ဒါမှမဟုတ် အမေကပဲ စဉ်းစားဆုံးဖြတ်ပြီး ကျန်မိသားစုတွေက ဝိုင်းလုပ်ကြရုံပဲ။ စဉ်းစားဆုံးဖြတ်ခွင့် မရှိကြဘူး။ ဒီတော့ အဖေအမေတွေချည့် ပင်ပန်းတာပေါ့။

## ပရော်ဖက်ရှင်နယ်မဆန်

အလတ်စား အကြီးစား စီးပွားရေးလုပ်ငန်းတွေ လုပ်တော့လည်း ဒီလို မိသားစုပုံစံမျိုးပဲ လုပ်ကြတာများတယ်။ လုပ်ငန်းခွင် ဆက်ဆံရေးမှာလည်း မိသားစုဆက်ဆံရေးပုံစံမျိုး လုပ်ကြကိုင်ကြတယ်။ "ပရော်ဖက်ရှင်နယ်" မဆန်ဘူး။ အလုပ်နဲ့ လူမှုရေးကို စည်းခြားမထားတတ်ကြဘူး။ အဆိုးဆုံး ကတော့ စဉ်းစားဆုံးဖြတ်တဲ့အလုပ်ကို ပိုင်ရှင်သူဌေး တစ်ယောက်တည်းက ချုပ်ကိုင်ထားခြင်းပဲ ဖြစ်တယ်။ ဒီလိုလုပ်တော့ ပိုင်ရှင်က အလုပ်တိုင်း၊ နေရာတိုင်း ဝင်ပါနေရပြီး အားချိန်မရှိတော့ဘူး။ ဝန်ထမ်းတွေလည်း ခေါင်းသုံးပြီး စဉ်းစားဆုံးဖြတ်ရတဲ့ အလုပ်မလုပ်ရတော့ ကြာလာတဲ့အခါ မစဉ်းစားတတ်တော့ဘူး။ ခေါင်းမသုံးတတ်တော့ဘူး။

mgyoe.com

mgyoe.com


## စဉ်းစားခိုင်းရမယ်

ခေါင်းမသုံးတတ်တဲ့ ဝန်ထမ်းမျိုးတွေနဲ့တော့ ဘယ်နည်းနဲ့မှ ကြီးပွား တိုးတက်အောင် လုပ်လို့ရမှာ မဟုတ်ဘူး။ ဝန်ထမ်းတွေရဲ့ အရည်အချင်း တိုးတက်ထက်မြက်နေမှ သူများနိုင်ငံတွေနဲ့ ယှဉ်နိုင်မှာ ဖြစ်တယ်။ ဒီအတွက် လုပ်ငန်းပိုင်ရှင်မှာ တာဝန်ရှိတယ်။ တိုးတက်အောင်၊ လုပ်တတ်ကိုင်တတ် ဖြစ်အောင် အလုပ်လုပ်ခိုင်းရမယ်။ စဉ်းစားတတ်အောင် စဉ်းစားခိုင်းရမယ်။ ဆုံးဖြတ်တတ်အောင် ဆုံးဖြတ်ခိုင်းရမယ်။ ဒါဟာ ပိုင်ရှင်သက်သာစေရုံတင်မကဘူး၊ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလည်း ဖြစ်တယ်။ စီးပွားရေး လုပ်တယ်ဆိုတာ တစ်ယောက်တည်း လုပ်ရတာ မဟုတ်ဘူး။ အများနဲ့လုပ်ရတဲ့ "Team Work" ဖြစ်တယ်။ သူ့အလုပ်ကိုယ့်အလုပ် ခွဲခြားသတ်မှတ်လုပ်ရသလို အများနဲ့ညှိနှိုင်း တိုင်ပင်မှုလည်း လုပ်ရတယ်။ ဒီနှစ်ခုကို မျှတအောင် မလုပ်တတ်ရင် ကသောင်း၊ ကနင်းတွေ ဖြစ်လာမှာ သေချာတယ်။ အားလုံးလို ပိုလည်း ပင်ပန်းစေတယ်။

## ဆုံးဖြတ်ခွင့် လွှဲပေးခြင်း

လုပ်ငန်းကြီးကြီး လုပ်တဲ့အခါမှာ အရေးကြီးဆုံးက စဉ်းစားဆုံးဖြတ်ခွင့် အာဏာကို တစ်ယောက်တည်းက ချုပ်ကိုင်မထားဘဲ ဆိုင်ရာဆိုင်ရာ အပိုင်းလိုက် တာဝန်ရှိသူတွေကို ကိုယ်ပိုင် လွတ်လွတ်လပ်လပ် စဉ်းစားဆုံးဖြတ်ခွင့် လွှဲပေးခြင်း **(delegation of power)** ဖြစ်တယ်။ လုပ်ငန်းထဲမှာ လုပ်ငန်းကြီးသေးအလိုက် လိုအပ်သလို ဌာနတွေ၊ ဌာနခွဲ၊ ဌာနစိတ်တွေ ဖွဲ့စည်းထားကြရတယ်။ ဌာန တစ်ခုစီရဲ့ တာဝန်ခံကို သူ့ဌာနနဲ့ ပတ်သက်တဲ့ ကိစ္စမှန်သမျှ လွတ်လွတ်လပ် လပ် ဆုံးဖြတ်ခွင့်ပေးထားရမယ်။ ဌာနခွဲတာဝန်ခံ၊ ဌာနစိတ်တာဝန်ခံတို့မှာ လည်း သူတို့တာဝန်အလိုက် ဆုံးဖြတ်ပိုင်ခွင့်ပေးရမယ်။ ပိုင်ရှင်သူဌေးက အသေး အဖွဲလေးကအစ ဝင်ပါစရာမလိုဘူး။ သူက လုပ်ငန်းကြီးတစ်ခုလုံးရဲ့ ပေါ်လစီ မူဝါဒတွေကိုပဲ ကိုင်တွယ်ဖို့ လိုတယ်။

## ကင်းလိုက်စစ်တာ အလုပ်မဟုတ်

ပိုင်ရှင်သူဌေးက လုံခြုံရေးဝန်ထမ်းတွေနဲ့ ညစောင့်တွေ အိပ်ငိုက်နေတာ ကို ညကြီးမင်းကြီး လိုက်ပြီး စစ်ဆေးနေရင် သဘာဝမကျဘူး။ သူဌေးအလုပ် လည်း မဟုတ်ဘူး။ ဒါက လုံခြုံရေးဌာန တာဝန်ခံတွေရဲ့ အလုပ်ပဲ။ အဲဒီ

mgyoe.com

mgyoe.com


တာဝန်ခံတွေကို ကြီးကြပ်ဖို့လည်း စက်ရုံမှူးတွေ မန်နေဂျာတွေက လုပ်လိမ့်မယ်။ သူတို့ကို လုပ်ခွင့် ထုတ်ခွင့် အာဏာတွေ ပေးထားရမယ်။ စက်ရုံမှူးတွေ မန်နေဂျာတွေ ရှိပါလျက်နဲ့ သူဌေးက ကင်းလိုက်စစ်တာ အလုပ်မဟုတ်ဘူး။ မယုံရင် အစကတည်းက စက်ရုံမှူး မန်နေဂျာအဖြစ် ခန့်မထားနဲ့ပေါ့။ လူတိုင်း လူတိုင်းကို သူတို့နဲ့ထိုက်သင့်တဲ့ ယုံကြည်မှု (Trust) နဲ့ ထိုက်သင့်တဲ့ လေးစားမှု (due respect) ပေးကို ပေးရမယ်။

## လက်သီးဆုပ်ဖြေပါ

ပရော်ဖက်ရှင်နယ် ဆက်ဆံရေးဆိုတာ အဲဒါမျိုးလိုခေါ်တာ ဖြစ်တယ်။ မိဘနဲ့သားသမီးတောင် အလုပ်ထဲရောက်ရင် ပရော်ဖက်ရှင်နယ် ဆက်ဆံရေးပဲ ဖြစ်ရမယ်။ ကိုရီးယား ဇာတ်လမ်းတွဲတွေမှာ အိမ်မှာတော့ အဖေခေါ်ပြီး အလုပ်ထဲ ရောက်တော့ "မန်နေဂျင်း"တို့ "သူဌေး"တို့ခေါ်တာ တွေ့တယ် မဟုတ်လား။ အဲဒါ ပရော်ဖက်ရှင်နယ် ဆက်ဆံရေးပဲ။ အဲဒီလို ပရော်ဖက်ရှင်နယ် ဆက်ဆံရေးကို ပီပီပြင်ပြင် အကောင်အထည် ဖော်နိုင်ရင် မနိုင်ဝန်ကြီး ထမ်းနေရလို့ ဝန်ပိတယ်။ နေ့မအားညမအား ဖြစ်နေရတယ်။ လူမှုရေးဝတ္တရားတွေ ပျက်ကွက်တယ် ဆိုတာမျိုးတွေ သက်သာလျော့ပါးသွားပါလိမ့်မယ်။ အရေးကြီးတာက တစ်ဦးတည်း တစ်ယောက်တည်း အရာအားလုံးကို ချုပ်ကိုင်မထားဖို့ဘဲ။လက်သီးဆုပ်ကို ဖြေလိုက်ပါ။

၂-၁-၂၀၁၁

■

mgyoe.com

mgyoe.com

# လူငယ်ဆိုတာ

လူငယ်တွေ တော်တဲ့အကြောင်း၊ ကြိုးစားကြတဲ့အကြောင်း၊ တစ်ကိုယ်ကောင်းစိတ်နည်းပြီး အများအကျိုးဆောင်လိုစိတ် ကြီးမားတဲ့အကြောင်း မကြာမကြာ ရေးခဲ့တာနဲ့ ပတ်သက်ပြီး စာဒကတက်ချင်သူတချို့ ရှိတယ်။ ဆံပင်ဖြူနီကြောင်ကျား ရောင်စုံဆိုးပြီး စတိတ်ရှိုးတွေနဲ့ နိုက်ကလပ်တွေမှာ ထင်တိုင်းကြဲနေကြတဲ့ လူငယ်တွေကို လက်ညှိုးထိုးပြတတ်ကြတယ်။

## သူတို့ရောပါသလား

"ဆရာ ချီးကျူးတဲ့အထဲမှာ အဲဒီလို လူငယ်တွေရော ပါသလား"

"အတော်များများ ပါပါလိမ့်မယ်"

"တကယ်လား ဆရာရဲ့၊ သရုပ်ပျက်ဝတ်စားဆင်ယင်မှုနဲ့ ထင်ရာစိုင်းနေတဲ့ လူငယ်တွေကို ဆရာက ချီးကျူးသတဲ့လား"

"ဝတ်စားဆင်ယင်မှု တစ်ခုတည်းကို ကြည့်ပြီး ပြောလို့မရဘူး။ သူတို့လုပ်ရပ်တွေကို ကြည့်ပြီး ပြောမှ မှန်လိမ့်မယ်"

"ဆရာမြင်တဲ့ အတိုင်းပဲလေ။ ဆံပင်အပြာရောင်တွေ အဝါရောင်တွေဆိုးပြီး ပါးစပ်က ပေါက်ကရတွေ အော်ဟစ်ခုန်ပေါက် ခါယမ်းနေတာ သူတို့လုပ်ရပ်တွေပဲ မဟုတ်လား"

"ဒါက သူတို့ လုပ်ရပ်တွေထဲက တစ်စိတ်တစ်ပိုင်းပဲ ရှိသေးတယ်။ ကျန်တဲ့အချိန်တွေမှာ သူတို့ ဘာလုပ်ကြသလဲ ဆိုတာကိုလည်း စောင့်ကြည့်သင့်သေးတယ်"

mgyoe.com

mgyoe.com


## သမိုင်းနဲ့ချီပြောရင်

"သူတို့လို အားအားယားယား မဟုတ်လို့ စောင့်တော့ မကြည့်နိုင်ဘူး ခင်ဗျ။ မြင်တာကို မြင်တဲ့အတိုင်းပဲ ပြောတာပါ"

"စတိတ်ရှိုးနဲ့ နိုက်ကလပ်တွေကို သွားကြည့်ရင်တော့ ဒါမျိုးတွေပဲ မြင်ရမှာပေါ့။ နာဂစ်ကယ်ဆယ်ရေးလို၊ နွေရာသီရေရှားမှု ကယ်ဆယ်ရေးလို၊ ပရဟိတစာသင်ကျောင်းလို နေရာတွေကို သွားကြည့်ပါလား။ လူငယ်တွေချည်း တွေ့ရလိမ့်မယ်။ လမ်းပေါ်မှာ ကြွပ်ကြွပ်အိတ် လိုက်ကောက်ကြတာလည်း လူငယ်လေးတွေပဲ။ သစ်ပင်လိုက်စိုက်နေကြတာလည်း လူငယ်လေးတွေပဲ။ သမိုင်းနဲ့ ချီပြောရင်တောင် မြန်မာလူမျိုးများရဲ့ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲ၊ လွတ်လပ်ရေးတိုက်ပွဲ စတဲ့ တိုက်ပွဲအားလုံးမှာ လူငယ်တွေ ရှေ့ဆုံးက အသေခံပြီး ပါဝင်ခဲ့ကြတာချည်းပဲလို့ ပြောနိုင်တယ်"

## နာဂစ်မုန်တိုင်း ကြုံတုန်းက

အဲဒီလို သမိုင်းနဲ့ ချီပြောလိုက်တော့လည်း စောဒကတက်သူတွေ ခေါင်းတညိတ်ညိတ်လုပ်ပြီး ထောက်ခံကြပါတယ်။ ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုဗဆွေ၊ ကိုအောင်ကျော် စတဲ့စတဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ တက္ကသိုလ်ကျောင်းသား ဘဝကတည်းက လွတ်လပ်ရေးတိုက်ပွဲ အရှေ့တန်းက ဦးဆောင်ပါဝင်ခဲ့ကြသူတွေ မဟုတ်လား။ မြန်မာပြည်မှာ အကြီးမားဆုံးနဲ့ လူအသေအပျောက် အများဆုံးဖြစ်တဲ့ နာဂစ်မုန်တိုင်းကြီး ကြုံတွေ့ရတဲ့အခါတုန်းကလည်း လူငယ်တွေပဲ အရင်ဆုံး ရောက်သွားပြီး ကယ်ဆယ်ရေး လုပ်ငန်းတွေ စတင်လုပ်ဆောင်ခဲ့ကြတာ ဖြစ်တယ်။ လယ်ကွင်းတွေနဲ့ ချောင်းတွေမြောင်းတွေထဲမှာ မြင်မကောင်း ရှုမကောင်းဖြစ်ပြီး အနံ့အသက်ဆိုးဝါးလှတဲ့ လူသေအလောင်းတွေကို မရွံ့မရှာ လိုက်လံကောက်ယူပြီး သင့်တင့်လျောက်ပတ်အောင် သင်္ဂြိုဟ်ပေးခဲ့တာလည်း လူငယ်တွေဖြစ်တယ်။ လူငယ်ဆိုမှ တကယ့် အထက်တန်းကျောင်းသားအရွယ် လူငယ်လေးတွေ ဖြစ်တယ်။ ဒီထဲမှာ မိန်းကလေးတွေလည်း အများကြီးပါတာ တွေ့ရတယ်။

## လေ့ခွက်ချည်းကျန် အလံမလှဲ

ဆံပင်ကြောင်ကျား အဝတ်အစား ကိုးရိုးကားရားနဲ့ နိုက်ကလပ်တွေမှာ သောင်းကျန်းနေတဲ့ လူငယ်မျိုး မရှိမဟုတ်ဘူး။ ရှိတယ်။ ဒါပေမဲ့ ဘဝမှ

mgyoe.com

mgyoe.com

သုံးစားလို့မရအောင် လူ့လောကရဲ့ အမှိုက်သရိုက်အဆင့်မျိုး ရောက်နေသူက အလွန့်အလွန် နည်းပါးတယ်။ ပြောပလောက်အောင် မရှိပါဘူး။ အများစုက ဘာမှလုပ်စရာမရှိ ဖြစ်နေလို့ ရောက်နေကြတာ ဖြစ်တယ်။ တစ်ယောက်ယောက် ကသာ လုပ်စရာ အလုပ်တွေ ညွှန်ပြပြီး ရှေ့ကနေ ဦးဆောင်ခေါ်ယူသွားမယ် ဆိုရင် နောက်ပြန်လှည့်မကြည့်ဘဲ လိုက်လာမှာ သေချာတယ်။ လူငယ်တွေက ထမင်းဝတ်မှာလည်း မကြောက်ဘူး၊ ဓားတောင်ကိုကျော်ဆိုလည်း ကျော်မှာပဲ။ မီးပင်လယ်ဖြတ်ဆိုလည်း ဖြတ်မှာပဲ။ ကျားမြီးဆွဲဆိုလည်း ဆွဲမှာပဲ။ ကောင်းတယ် မှန်ကန်တယ်လို့ သူတို့ အခိုင်အမာ ယုံကြည်တဲ့ ကိစ္စတစ်ခုအတွက်သာ ဆိုရင် လှေခွက်ချည်းကျန်နေလည်း ဘယ်တော့မှ အလံလဲမှာ မဟုတ်တာ သေချာတယ်။

## သကြ်န်အမြောက်လို

အရေးကြီးတာက ရှေ့ကနေ ဦးဆောင်လမ်းပြမယ့်သူတွေ များများ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်ဖို့ ဖြစ်တယ်။ လူငယ်အားလုံးကို တစ်ယောက် မကျန် ပြုစုပျိုးထောင်ဖို့ဆိုတာ လက်တွေ့မှာ မဖြစ်နိုင်ဘူး။ လူငယ်တွေထဲက အရည်အချင်း ရှိသူများကို ရွေးထုတ်ပြီး စနစ်တကျ ပြုစုပျိုးထောင်ပေးရမယ်။ ဒီလူငယ်တွေကမှ သူနဲ့နီးစပ်ရာ လူငယ်တွေကို ဦးဆောင်ပြီး လုပ်သင့်လုပ် ထိုက်တဲ့ အလုပ်တွေကိုလုပ်ရင်း လေ့ကျင့်ပညာပေး သွားရမယ်။ အလုပ်မပါတဲ့ ပညာပေးမှုဟာ ဘာမှမထိရောက်ဘူး။ သကြ်န်အမြောက်လိုပဲ၊ အသံသာရှိပြီး အဆန်မရှိဘူး။ အလုပ်ဟာ သင်ယူဖို့ အကောင်းဆုံးနေရာ ဖြစ်တယ်။

## ဂေါက်သွားတတ်တယ်

ပြုစုပျိုးထောင်တယ်၊ လေ့ကျင့်ပညာပေးတယ် ဆိုလို့ သိပ်ကြီးကြီးကျယ် ကျယ်တွေ လုပ်ရမယ်လို့ ဆိုလိုတာ မဟုတ်ဘူး။ ဒီမိုကရေစီ အနှစ်သာရတို့၊ လူ့စွမ်းအား အရင်းအမြစ်တို့၊ ခေါင်းဆောင်မှု အတတ်ပညာတို့၊ ဂလိုဘယ် လိုက်ဖေးရှင်းတို့၊ မိုက်ခရိုနဲ့ မက်ခရိုတို့၊ အလျားလိုက်စဉ်းစားနည်း၊ ဒေါင်လိုက် စဉ်းစားနည်းတို့၊ ဘေးထွက်စဉ်းစားနည်းတို့၊ သန့်စင်ခန်းထဲ စဉ်းစားနည်းတို့ စတဲ့စတဲ့ လူအများနားမလည်တဲ့ စကားလုံးကြီးတွေ ကြက်တူရွေးလို ရွတ်ပြ နေဖို့မလိုဘူး။ လူထုထုရှိရင် ဒါမျိုးရွတ်ပြနေတတ်သူတွေကို လူသာမန်တွေက "ဂေါက်"နေပြီဆိုပြီး ဝေးဝေးက ရှောင်တတ်ကြလို့ ကြာတော့ ဒီလူတွေဟာ

mgyoe.com

mgyoe.com


အပေါင်းအဖော်မရှိ၊ အသင်းမရှိနဲ့ အထီးကျန် တစ်ကောင်ကြွက်ဖြစ်ပြီး တကယ် "ဂေါက်"သွားတတ်ကြတယ်။

## မနှိပ်စက်ပါနဲ့

ဒီခေတ်ကလေးတွေနဲ့ လူငယ်တွေဟာ သနားစရာကောင်းလောက်အောင် ကို သင်ယူစရာတွေ များလွန်းနေပါတယ်။ ကျောင်းစာနဲ့ ကျူရှင်စာက တစ်ဖက် ကွန်ပျူတာနဲ့ အင်္ဂလိပ်စကား၊ တရုတ်စကားက တစ်ဖက်၊ ဟိုသင်တန်း ဒီ သင်တန်း ဆိုတာတွေက တစ်ဖက်နဲ့ နားရတယ်လို့ကို မရှိရှာကြဘူး။ ကလေးဟာ ကလေးလို ခုန်ပေါက်ပြေးလွှား ဆော့ကစား မနေကြရဘူး။ လူငယ်ဟာ လူငယ် လို မြူးထူးပျော်ပါး မရှိရှာကြဘူး။ ဒီလို ကလေးတွေကို ထပ်ပြီး မနှိပ်စက်ကြ ပါနဲ့။ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး ဆော့ကစားကြပါစေ၊ သွားလာ လည်ပတ်ကြပါစေ။

## အဆန်းမဟုတ်ဘူး

ကျောင်းသူကျောင်းသားအရွယ် လူငယ်လေးတွေအတွက် အခြေခံ ပြည်သူ့နီတိလောက်နဲ့ ဗြဟ္မစိုရ်တရားဆိုတာလောက် ကောင်းကောင်းသိအောင် လုပ်ပေးထားရင် လုံလောက်ပါတယ်။ အခုခေတ် ကျယ်ကျယ်လောင်လောင်နဲ့ ပြောပေဟနေကြတဲ့ လူမှုရေးစိတ်ဓာတ်တို့၊ ရပ်ရွာအခြေပြု စီမံချက်တို့၊ Community based ဘာပရိုဂျက်၊ ညာပရိုဂျက်တို့ ဆိုတာတွေဟာ မြန်မာလူမျိုး များအတွက် အဆန်းမဟုတ်ပါဘူး။ ရှေးခေတ်အဆက်ဆက်ကကည်းက ကျင့်သုံး လာခဲ့ကြ၊ လုပ်ကိုင်ဆောင်ရွက်လာခဲ့ကြတာတွေပါ။ ဒီနေ့အထိ ကျေးလက် တောရွာတွေမှာ ရှင်သန်နေဆဲ ဖြစ်တယ်။ ရွာတိုင်းမှာ ဘုန်းကြီးကျောင်း ရှိ တယ်။ ရွာထဲက ကလေးမှန်သမျှ ဆင်းရဲချမ်းသာမရွေး အရွယ်ရောက်တာနဲ့ ဘုန်းကြီးကျောင်းမှာ စာသင်ရတယ်။ သူကြီးသားလည်း အဲဒီမှာ သင်ရတယ်။ စာရင်းငှားသားလည်း အဲဒီမှာ သင်ရတယ်။

## အပြန်အလှန်ရိုင်းပင်း

ရွာတိုင်းမှာ ကလေးမွေးပေးဖို့ ဝမ်းဆွဲလက်သည်ရှိတယ်။ နှစ်ရွာသုံးရွာ ပေါင်း ဗိန္ဒောဆရာတစ်ယောက်တော့ ရှိတယ်။ လူနာရှိတဲ့ နေရာအထိ ဆေး

mgyoe.com

mgyoe.com


ဆရာက လိုက်ကုတယ်။ နှစ်တစ်ထောင်လောက်ရှိတဲ့ မြန်မာ့သမိုင်းမှာ အနောက်တိုင်း ဆရာဝန်တို့၊ ဆေးရုံတို့ ပေါ်လာတာရှိလှမှ နှစ်ပေါင်းနှစ်ရာပေါ့။ ရှေးမြန်မာလူမျိုး မှန်သမျှ တိုင်းရင်းဆေးတွေနဲ့ပဲ ရှင်သန်ခဲ့ကြရတာ ဖြစ်တယ်။ မြန်မာဆေးဆရာတွေက ပိုက်ဆံပေးမှ ဆေးကုတာ မဟုတ်ဘူး။ ဆန်တစ်ပြည် ငွေတစ်မတ် ကန်တော့လည်း ဖြစ်တယ်။ ပဲပေါ်မှ နှမ်းပေါ်မှ ပဲလေးနှမ်းလေး သွားပြီး ကန်တော့လိုက်ရင်လည်း ရတယ်။ အိမ်တစ်အိမ်မှာ သာရေးနာရေး ရှိရင် တစ်ရွာလုံး ဝိုင်းလုပ်ကြတယ်။ အိမ်တစ်အိမ်ကို ဧည့်သည်လာရင် သူ့ဧည့်ကိုယ်ဧည့် ရွေးနေတာ မဟုတ်ဘူး။ တစ်အိမ်ပြီးတစ်အိမ် ထမင်းစားဖိတ်ပြီး ကျွေးကြတယ်။ ကိုယ့်အိမ်က ဟင်းကောင်းချက်ရင် ဘေးအိမ်ကိုလည်း တစ်ခွက်တော့ သွားပို့တယ်။ သူ့အိမ်က ဟင်းစပ်ကြိုက်ရင်လည်း ဟန်လုပ်မနေဘူး။ လက်ဆေးပြီး ထမင်းဝိုင်းထဲ ဝင်ထိုင်လိုက်တာပဲ။ အပြန်အလှန် ရိုင်းပင်းတဲ့ လူမှုရေးစိတ်ဓာတ် အပြည့်ရှိကြတယ်။

## မြို့ကြီးလေ ဆိုးလေ

မြို့ပြတွေ ဖြစ်ထွန်းလာတဲ့ အခါကျတော့မှ အစဉ်အလာ ရိုးရာလူမှုရေးစိတ်ဓာတ်တွေ ကွယ်ပျောက်သွားတာ ဖြစ်တယ်။ အိမ်တွေများ၊ လူတွေများတော့ တစ်ရပ်ကွက်သားချင်းတောင် သူ့ငါမသိ၊ ငါ့သူမသိ ဖြစ်လာတယ်။ မသိတော့ ရိုင်းပင်းမှုလည်း မရှိတော့ဘူး၊ ထောက်ထားစာနာမှုလည်း မရှိတော့ဘူး။ ဘာသိဘာသာ နေလိုက်ကြတာပဲ။ လူမှုရေးစိတ်ဓာတ် ခေါင်းပါးမှုက မြို့ကြီးလေ ပိုဆိုးလေ ဖြစ်တယ်။ မြို့ကြီးတွေက အခန်းတွဲ အထပ်မြင့်တိုက်တွေမှာ နေသူတွေကျတော့ အခန်းချင်း ကပ်နေသူချင်းတောင် တစ်ဦးနဲ့တစ်ဦး ဘယ်သူဘယ်ဝါ မသိကြတော့ဘူး။ ကိုယ့်အခန်းတံခါး ကိုယ်ပိတ်နေရင်းက ကြာလာတော့ ကိုယ်နဲ့ ကိုယ့်မိသားစုကလွဲရင် တခြားလူတွေကို ခင်မင်တွယ်တာရကောင်းမှန်း မသိတော့ဘူး။ ကူးလူးဆက်နွယ်မှုတို့ ရိုင်းပင်းကူညီမှုတို့ ဆိုတာလည်း နားမလည်တော့ဘူး။ ဒီလိုနဲ့ပဲ လူတွေဟာ တဖြည်းဖြည်းနဲ့ ရိုင်းမှန်းမသိ ရိုင်းလာကြတော့တယ်။

## ဦးဆောင်လမ်းပြသူ

ဒီလို လူရိုင်းစိတ်တွေလျော့ပါးပြီး ယဉ်ကျေးတဲ့ လူငယ်လေးတွေ ဖြစ်လာဖို့ ရှေးမြန်မာလူမျိုးတွေ အစဉ်အဆက် သွန်သင်ဆုံးမခဲ့ကြတဲ့ လိုက်နာ

mgyoe.com

mgyoe.com


ကျင့်သုံးခဲ့ကြတဲ့ နီတိတွေ၊ ကျင့်ဝတ်တွေကို သင်ပြပေးတာနဲ့တင် လုံလောက်ပါတယ်။ အရေးကြီးတာ အရှေ့ကနေပြီး မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်တန်းတန်း ဦးဆောင်လမ်းပြပေးနိုင်သူတွေ များများစားစား ပေါ်ထွက်လာဖို့သာ ဖြစ်တယ်။

၂၇–၈–၂၀၁၁

■

mgyoe.com

mgyoe.com

## ငတ်ပြူးမှ ဆင်းရဲတဲ့အကြောင်း သိတယ်

အခု နှစ်နှစ်သုံးနှစ်အတွင်းမှာ ဟောပြောပွဲတို့၊ ဆွေးနွေးပွဲတို့ ဝပ်ရှော့တို့၊ ဖိုရမ်တို့ စသဖြင့် အမည်အမျိုးမျိုး တပ်ထားတဲ့ စကားဝိုင်းတွေ ကျင်းပနေကြတဲ့ သတင်းတွေ အဆက်မပြတ် ကြားနေရတယ်။ နှစ်ပေါင်းငါးဆယ်လုံးလုံး မကြားခဲ့ရတဲ့ ဒီမိုကရေစီဆိုတဲ့ အသံတွေလည်း ညံနေအောင် ကြားနေရတယ်။

### ဆည်းပူးနေပါတယ်

ဒါ အင်မတန် ဝမ်းသာစရာကောင်းတယ်။ ဟောပြောပွဲတွေ တက်ပြီး နားထောင်ချင်ပေမဲ့ ကျန်းမာရေးကြောင့် မတက်နိုင်ဘူး။ တက်နိုင်သူတွေက ပြန်ပြောတာနဲ့ အသံသွင်းယူထားတာတွေကိုသာ နားထောင်ပြီး ကျေနပ်ရ တယ်။ ဆိုင်ရာဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူ ပညာရှင်များရဲ့ ဟောပြောချက်တွေဟာ စိတ်ဝင်စားဖို့ကောင်းပြီး မသိတာတွေ သိရတယ်။ နားမလည်တာတွေလည်း အများကြီးပါပဲ။ ဒါပေမဲ့ နားရည်ဝသွားရင်တော့ နားလည်လာမှာပဲလို့ သဘောထားပြီး မျက်ခြည်မပြတ် ဆက်ပြီး ကြားနာဆည်းပူးနေပါတယ်။

### စိတ်ဝင်စားဖို့ကောင်း

ဟောပြောပွဲတွေကို မျက်ခြည်မပြတ်မခံသလို စာနယ်ဇင်းတွေမှာပါတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနဲ့ လူမှုရေးဆိုင်ရာ ဆောင်းပါးတွေကိုလည်း ဂရုစိုက်စောင့်ကြည့်ပြီး ဖတ်မှတ်လေ့လာပါတယ်။ ဟောပြောဆွေးနွေးချက်တွေ

mgyoe.com

mgyoe.com


လိုပဲ စာတွေဖတ်ရတာလည်း စိတ်ဝင်စားဖို့ကောင်းတယ်။ ဗဟုသုတတွေ အများကြီး တိုးတယ်။ စနစ်တစ်ခုကနေ နောက်တစ်ခုကို ပြောင်းဖို့ အားထုတ်နေတဲ့ အခုလိုအချိန်မျိုးမှာ ဒီလို ဆွေးနွေးပွဲတွေ များများလုပ်လေ အကျိုးရှိလေပါပဲ။ ရန်ကုန်လို မြို့ကြီးပြကြီးမျိုးမှာသာ မဟုတ်ဘဲ တိုင်းနဲ့ပြည်နယ်တွေက မြို့ကြီးတွေမှာပါ ကျင်းပနိုင်ရင် ပိုကောင်းမှာပါ။

## ခေါက်ရိုးကျိုးနေကြ

စနစ်ပြောင်းပြီ ဆိုပေမဲ့ တစ်သွေးတစ်သံ တစ်မိန့် အုပ်ချုပ်ရေး စနစ်အောက်မှာ နှစ်ပေါင်း ငါးဆယ်လုံးလုံး နေခဲ့ကြရတာ ဆိုတော့ ဝန်ထမ်းတွေက အစ ပြည်သူတွေအားလုံးပါ ခေါက်ရိုးကျိုးနေကြပြီး ဘယ်နေရာမဆို ဟုတ်တိုင်းမှန်ရာ ပြောဆိုလုပ်ကိုင်တာမျိုး မရှိကြတော့ဘဲ ဘာဖြစ်ဖြစ် မျက်စိမှိတ်ပြီး ဟုတ်ပါ့ဘုရား။ မှန်ပါ့ဘုရားချည် လုပ်နေကြတော့တယ်။ ဝန်ထမ်းတွေကလည်း သူတို့ရုံး သူတို့ပိုင်နက်ထဲ ရောက်လာသူမှန်သမျှကို ဘဝရှင်မင်းတရားကြီး ဂိုက်ဖမ်းပြီး ဟိန်းဖို့ဟောက်ဖို့ပဲ စောင့်နေကြတယ်။ လူတိုင်းက သူတို့ကို "ဟောက်စား ခြောက်စား"တွေလို့ ခေါ်နေကြလည်း သူတို့က နည်းနည်းမှ ဂရုမစိုက်ဘူး။ လက်ဖက်ရည်ဖိုးဆိုတာ သူတို့ရဲ့ ရပိုင်ခွင့်လို့တောင် မှတ်ယူနေကြတယ်။

## ပြည်သူမပါ ဘာမှမဖြစ်

အဲဒါကြောင့် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် အကြောင်းကို ဝန်ထမ်းကြီးငယ် အားလုံးနဲ့တကွ ပြည်သူအားလုံးပါ သိအောင် ဟောပြောဆွေးနွေးပွဲတွေ များများပြုလုပ်ပေးဖို့ လိုတယ်။ တခြား လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးအကြောင်း၊ ဒီမိုကရေစီ ပညာရေးစနစ်အကြောင်း၊ ကျန်းမာရေးစနစ်အကြောင်း စတဲ့ အကြောင်းအရာများကိုလည်း နားလည်သဘောပေါက်အောင် လုပ်ပေးဖို့ လိုတယ်။ ပြည်သူတစ်ရပ်လုံး နားလည်သဘောပေါက်ပြီး စိတ်ပါလက်ပါနဲ့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြမှ ဘယ်စနစ်မဆို အောင်မြင်နိုင်တာ ဖြစ်တယ်။ ပြည်သူမပါရင် ဘာမှ ဖြစ်မလာနိုင်ဘူးဆိုတာ နှစ်ငါးဆယ် အတွေ့အကြုံက ထင်ထင်ရှားရှား ပြသခဲ့ပြီးပြီ မဟုတ်လား။

mgyoe.com

mgyee.com

## အလွှာစုံပါသင့်

ဟောပြောဆွေးနွေးပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေ မြို့ရွာအနှံ့ ကျင်းပသင့်သလို။ အလွှာအသီးသီး၊ နယ်ပယ်အစုံစုံက လူပေါင်းစုံလည်း ပါစေသင့်ပါတယ်။ ဥပမာ စိုက်ပျိုးရေးစနစ် ခေတ်မီတိုးတက်ရေး ဆွေးနွေးပွဲမှာ မြစ်ဝကျွန်းပေါ်ဒေသ၊ မိုးခေါင်ရေရှားဒေသနဲ့ တောင်ပေါ်ဒေသ စသဖြင့် မတူကွဲပြားတဲ့ ဒေသအသီးသီးက တောင်သူလယ်သမား စစ်စစ်တွေ ပါစေသင့်တယ်။ သဲကန္တာရထဲက အစ္စရေးလို နိုင်ငံမျိုးရဲ့ စိုက်ပျိုးရေးနည်းစနစ်ဟာ မိုးများတဲ့ တနင်္သာရီကမ်းရိုးတန်းဒေသလို နေရာမျိုးနဲ့ သင့်တော်ချင်မှ သင့်တော်မှာပါ။ အလားတူပဲ ရေခဲတဲ့ နိုင်ငံတွေရဲ့ နည်းစနစ်တွေဟာ အညာကမိုးခေါင်ရေရှားပြီး အပူလွန်ကဲတဲ့ဒေသနဲ့ အပ်စပ်ချင်မှ အပ်စပ်မှာပါ။

## လယ်သမားကသိတယ်

နိုင်ငံခြားမှာ သင်ခဲ့တဲ့ စိုက်ပျိုးရေး နည်းပညာတွေနဲ့ နိုင်ငံခြားပါရဂူတွေ ရေးတဲ့ စာအုပ်တွေဟာ သူတို့နိုင်ငံတွေအတွက် အကောင်းဆုံး ဖြစ်ပေမဲ့ မြန်မာပြည်ရဲ့ရေမြေတောတောင် အနေအထားနဲ့ ကိုက်ချင်မှ ကိုက်မှာပါ။ မြန်မာပြည်က လယ်တွေအကြောင်း မြန်မာလယ်သမားလောက် ဘယ်သူမှ ပိုမသိနိုင်ပါဘူး။ ဘိုးစဉ်ဘောင်ဆက် လုပ်လာတဲ့ လယ်သမားကမှ ဘယ်မြေမှာ ဘယ်စပါးစိုက်သင့်တယ်။ ဘယ်မြေကတော့ နှမ်းစိုက်သင့်တယ်၊ ပဲစိုက်သင့်တယ်၊ ဂျုံစိုက်သင့်တယ်ဆိုတာ ပိုင်ပိုင်နိုင်နိုင် သိနိုင်ပါတယ်။

## ဆင်းရဲမှုအကြောင်း ဆင်းရဲသားမှသိ

အလားတူပဲ ဆင်းရဲမွဲတေမှု ပပျောက်ရေး ဆွေးနွေးပွဲမှာ ဆင်းရဲသားပြည်သူတွေကိုယ်တိုင် ပါဝင်စေသင့်တယ်။ အမေရိကန်က ပါရဂူကြီးက မြန်မာပြည်က လူဆင်းရဲတွေမှာ အကြောင်း ဘာသိမှာလဲ။ မြန်မာပြည်က လူဆင်းရဲတွေ အကြောင်း မြန်မာပြည်က လူဆင်းရဲတွေလောက် ဘယ်သူမှ မသိနိုင်ဘူး။ မှန်တာပြောရရင် ကျွန်တော်တို့တောင် တကယ်မသိပါဘူး။ ရိပ်ဖမ်းသံဖမ်းလောက် သိတာပါ။ လယ်သမားအကြောင်းတို့၊ စိုက်ပျိုးရေးအကြောင်းတို့ဆိုလည်း တကယ်တမ်းကျ ဘာမှသိတာ မဟုတ်ပါဘူး။ ရှက်ရှက်နဲ့ ဝန်ခံရရင် လယ်ကဇင်း (ကန်သင်း) ရိုးပေါ်တောင် တစ်ခါမှ မလျှောက်ဖူးပါဘူး။ ကျောင်း

mgyee.com

mgyoe.com


စာသင်ခန်းတွေထဲက ထွက်တာနဲ့ အလုပ်စားပွဲ တန်းရောက်သွားပြီး နီယွန်မီး ရောင်အောက်က နိုင်လွန်လမ်းမကြီးတွေပေါ် လျှောက်နေခဲ့တာပဲ မဟုတ်လား။

## သုံးပွင့်ဆိုင်အဖွဲ့

ထမင်းငတ်ဖူးတဲ့ သူမှ ဆင်းရဲတဲ့အကြောင်း၊ ငတ်တဲ့အကြောင်း၊ မွဲတဲ့ အကြောင်း သိပါတယ်။ ဘာကြောင့် ဆင်းရဲမွဲတေနေရသလဲ ဆိုတဲ့ အကြောင်း လည်း သူတို့ ကောင်းကောင်း သိပါတယ်။ နိုင်ငံခြားသားတွေ ရေးတဲ့ စာအုပ် တွေ ဖတ်ရုံနဲ့ မြန်မာပြည်က ဆင်းရဲမွဲတေမှု ပြဿနာကို မဖြေရှင်းနိုင်ပါဘူး။ ဟားဗတ်တို့၊ ယေးလ်တို့၊ ကိန်းဘရစ်တို့က ပါမောက္ခကြီးတွေလည်း မဖြေရှင်း နိုင်ပါဘူး။ မစ္စတာဖရိုက်အင်းတို့၊ မစ္စတာစတင်ဂလစ်တို့၊ ဖုကူးယားမားစ်တို့ လည်း မဖြေရှင်းနိုင်ပါဘူး။ မစ္စတာဘန်ကီမွန်းလည်း မဖြေရှင်းနိုင်ပါဘူး။ မြန်မာ ပြည်က လယ်သမား၊ ယာသမားတွေနဲ့ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဆင်း မြန်မာစိုက်ပျိုးရေး ပညာရှင်တွေ၊ ပြီးတော့ ဒီမိုကရက်တစ် မြန်မာနိုင်ငံက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ ပါဝင်တဲ့ သုံးပွင့်ဆိုင် အဖွဲ့ကသာ ဖြေရှင်းနိုင်မှာ ဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

၁၂-၉-၂၀၁၁

■

mgyoe.com

mgyoe.com

## မြန်မာတွေက လူကိုမကြည့်၊ မှုကိုသာ ကြည့်တယ်

အခုတစ်လောလေးမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ထွက်လာကြတယ်။ ထွက်သမျှလည်း ရောင်းကောင်းကြတယ်။ စာအုပ် ရောင်းလေ့ရောင်းထ မရှိတဲ့ ဂျာနယ် လက်ပွေ့ရောင်းသူတွေတောင် မီးပွိုင့်တွေနဲ့ ကားမှတ်တိုင်တွေမှာ အော်ဟစ်ရောင်းချနေကြတယ်။

### မုဒိတာသံနဲ့ ဝေဖန်သံ

စာအုပ်တွေသာမကဘူး။ ဗိုလ်ချုပ်ဓာတ်ပုံကြီး၊ ဓာတ်ပုံငယ်တွေပါ တအား ရောင်းကောင်းတယ်လို့ ဝမ်းသာကြည်နူးစွာနဲ့ ပြောဆိုနေကြတဲ့ အသံတွေ ကြားနေရတယ်။ မုဒိတာသံတွေ ကြားရသလို ဝေဖန်သံတချို့လည်း ကြားရတယ်။ “ဗိုလ်ချုပ်ကို လုပ်မစားနဲ့” ဆိုတဲ့အသံတွေလည်း ကြားရတယ်။ ဘာပဲပြောပြော ဒီလေးငါးလအတွင်း စာအုပ်ဆိုင်တွေမှာ ရောင်းအကောင်းဆုံးက “ဗိုလ်ချုပ်” ဖြစ်ပြီး၊ စကားဝိုင်းတွေမှာ အပြောအများဆုံး အကြောင်းကလည်း “ဗိုလ်ချုပ်” ပဲ ဖြစ်တယ်။ နှစ်ပေါင်း ငါးဆယ်အတွင်း တစ်ခါမှ မတွေ့ဖူးတဲ့ နေရာမှာတောင် “ဗိုလ်ချုပ်”ဓာတ်ပုံကြီး ချိတ်ထားတာကို ထူးထူးခြားခြား တွေ့ရတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတကြီးက သမ္မတအိမ်တော်မှာ လက်ခံတွေ့ဆုံစဉ်က ဗိုလ်ချုပ်ဓာတ်ပုံကြီးရဲ့ ရှေ့မှာရပ်ပြီး ဓာတ်ပုံရိုက်ထားတာကို မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့ပြီး စာနယ်ဇင်းတွေမှာလည်း ဖော်ပြခဲ့တယ်။

### ဖြတ်ညှပ်ကပ်စာအုပ်

ဒီမြင်ကွင်းကို တွေ့တော့ အရင်ဆုံး မယုံနိုင်လောက်အောင် အံ့သြသွားကြတယ်။ နောက်တော့ လူတိုင်း ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာ သွားကြ

mgyoe.com

mgyoe.com


တယ်။ ဈေးကွက်ထဲက ဗိုလ်ချုပ်စာအုပ်တွေနဲ့ ဓာတ်ပုံတွေလည်း တစ်ရှိန်ထိုး ရောင်းအားတက်သွားတယ်။ ဒီလိုအချိန်မှာ "လုပ်စား"တတ်သူတွေ ဝင်လာကြတာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ အံ့သြစရာမဟုတ်ဘူး။ ဒီလူတွေက ကိုယ်တိုင်လေ့လာအားထုတ်မှု ဘာမှမလုပ်ဘဲ သူများရေးတဲ့ စာအုပ်ပေါင်းစုံထဲက "ဖြတ်ညှပ်ကပ်" လုပ်ပြီး သူတို့နာမည် တပ်လိုက်ကြတာ ဖြစ်တယ်။ ဒီလူတွေက ဒါမျိုး လုပ်နေကျပါ။ ကိစ္စမရှိဘူး။ လုပ်ပါစေ။ စာပေလောကမှာ ဒီလိုလူမျိုးတွေ များများရှိနေတာ မဟုတ်ပါဘူး။ တစ်ယောက်စ နှစ်ယောက်စပါပဲ။

## ဝါဒဖြန့်ကောင်းလို့ မဟုတ်ဘူး

စာရေးဆရာအများစုနဲ့ ထုတ်ဝေသူအများစုက စေတနာမှန် မေတ္တာမှန်နဲ့ လုပ်ကြတာ ဖြစ်တယ်။ နှစ်ပေါင်းများစွာ ရေးခွင့်မသာ၊ထုတ်ခွင့်မရ ဖြစ်နေရာက ရုတ်တရက် ချက်ချင်း ပွင့်သွားတာဆိုတော့ တမံတုတ်ထားတဲ့ ဆည်ကြီးကို ဖွင့်ချလိုက်သလို ဖြစ်သွားတာ သဘာဝကျပါတယ်။ လုပ်စားသူတွေလည်း လုပ်စားပါစေ။ ဗိုလ်ချုပ်ရဲ့ ဂုဏ်သိက္ခာ တစ်ရွေးသားမှ လျော့မသွား၊ ထိခိုက်မသွားပါဘူး။ ဘာကြောင့်လဲဆိုတော့ ထိခိုက်စရာ ဘာတစ်ခုမှ ရှိတဲ့သူ မဟုတ်လို့ပဲ။ ဗိုလ်ချုပ် ဗိုလ်ချုပ်နဲ့ တစ်တိုင်းတစ်ပြည်လုံးက ချစ်နေကြတာဟာ "ပီအာ" ကောင်းလို့၊ ဝါဒဖြန့်ကောင်းလို့ မဟုတ်ဘူး။ တိုင်းပြည်နဲ့လူမျိုးအတွက် ကိုယ်ကျိုးနည်းနည်းလေးမှ မဖက်ဘဲ ရာနှုန်းပြည့် သန့်သန့်ရှင်းရှင်း လုပ်ဆောင်သွားခဲ့လို့ ဖြစ်တယ်။

## ဗိုလ်ချုပ်သမီး

ဗိုလ်ချုပ်ပြီးတဲ့နောက် လူတွေကြားမှာ ဒုတိယ ရေပန်းအစားဆုံးကတော့ ဗိုလ်ချုပ်သမီး ဖြစ်တယ်။ သူ့ဓာတ်ပုံတွေဟာ ဂျာနယ်တိုင်းမှာ နေရာယူထားတယ်။ သူ့အင်တာဗျူး ထည့်ချင်တဲ့ ဂျာနယ်တွေလည်း တန်းစီနေတယ်။ သူများထက် လက်ဦးအောင် အလုအယက် ကြိုးစားနေကြတယ်။ သူ့ဆောင်းပါးရအောင် တောင်းထည့်နိုင်တဲ့ ဂျာနယ်တစ်စောင်ဆိုရင် ချက်ချင်းကြီး စောင်ရေသုံးဆလောက် တက်သွားတယ်လို့ ကြားရတယ်။ သူ့ဓာတ်ပုံတွေလည်း ဗိုလ်ချုပ်ဓာတ်ပုံတွေလို မြို့တိုင်းရွာတိုင်း ရောင်းမလောက် ဖြစ်နေတယ်။ သူ့ကိုလည်း လူတိုင်း ချစ်ကြတယ်။ သူ ပေးဆပ်ခဲ့ရတဲ့ တန်ဖိုးကလည်း နည်းနည်းနောနော မှ မဟုတ်တာ။ သူလည်း မတစ်ထောင် တစ်ကောင်ဘွား ဆိုထိုက်ပေတယ်။

mgyoe.com

mgyoe.com


## နလပိန်းတုံးတွေမဟုတ်

သူ့ကို လူတွေချစ်တာဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးမို့ဆိုပြီး ပုဂ္ဂိုလ်ကိုးကွယ်မှုနဲ့ ချစ်ကြတာ မဟုတ်ဘူး။ မြန်မာလူထုက ဒါလောက်မညံ့ဘူး။ နလပိန်းတုံးတွေ မဟုတ်ဘူး။ သူ ဘယ်နေရာမှာ ရပ်တည်သလဲ။ လူထုအတွက် ဘယ်လောက် အလုပ်လုပ်သလဲ၊ ဘယ်လောက် ရိုးသားဖြောင့်မတ်သလဲ၊ ဘယ်လောက် သန့်ရှင်းသလဲ၊ ဘယ်လောက်စွန့်လွှတ် အနစ်နာခံသလဲ ဆိုတဲ့ အချက်တွေနဲ့ ချိန်ထိုးကြည့်ပြီးမှ ဆုံးဖြတ်ထားကြတာ ဖြစ်တယ်။ သူ ပြည်သူတွေနဲ့ အတူရပ်ပြီး ပြည်သူတွေအတွက် လုပ်ဆောင်နေသမျှ ပြည်သူက သူ့ကိုချစ်ပြီး သူ့ကို ထောက်ခံအားပေးနေမှာ သေချာတယ်။

## သင်ခန်းစာပေးပြီး

သူက ပြည်သူ့ဘက်က မရပ်တော့ဘဲ ပြည်သူနဲ့ ဆန့်ကျင်တဲ့ဘက်မှာ သွားရပ်တယ် ဆိုရင်တော့ ပြည်သူက ဆက်ချစ်တော့မှာ မဟုတ်ဘူး။ ဆက်ထောက်ခံအားပေးနေမှာလည်း မဟုတ်ဘူး။ မြန်မာ့သမိုင်းမှာ ပြည်သူကို သစ္စာဖောက်လို့ မြောင်းထဲရောက်သွားခဲ့ရသူတွေ နည်းတာမဟုတ်ဘူး။ မြန်မာပြည်သူတစ်ရပ်လုံးက နိုင်ငံရေး အကင်းပါးတဲ့ နေရာမှာ စံတင်လောက်အောင် ထူးချွန်ထက်မြက်သူတွေ ဖြစ်တယ်။ နယ်ချဲ့လက်အောက် နှစ်ပေါင်းတစ်ရာကျော် နေခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့၊ ဖက်ဆစ်လက်အောက်မှာ လက်သည်းခွာ၊ ရေနွေးပူလောင်း၊ ကျင်စက်တို့ခံခဲ့ရတဲ့ အတွေ့အကြုံတွေက ကောင်းကောင်းကြီး သင်ခန်းစာပေးထားခဲ့ပြီး ဖြစ်တယ်။

## လက်နက်ကိုင်ပျူစောထီး

ဒါတင်မကသေးပါဘူး။ ဆယ်နှစ်ဆယ်မိုး ဖဆပလခေတ်မှာလည်း လက်နက်ကိုင် ပျူစောထီးတွေနဲ့ ဗတလစ တပ်ဖွဲ့ဝင်တွေရဲ့ နိုင်ထက်စီးနင်း ပြုကျင့်မှုတွေကို ကျောကော့အောင် ခံခဲ့ကြရပါသေးတယ်။ ပါလီမန်ထဲက ဖဆပလနဲ့ ပမညတ အမတ်တွေရဲ့ ဗလောင်းဗလဲ လိမ်ညာလှည့်စားမှုမျိုးစုံလည်း ကြုံတွေ့ခဲ့ရတယ်။ ဒီအတွေ့အကြုံတွေက မြန်မာတွေကို နိုင်ငံရေးပညာ သင်ပေးလိုက်တာကြောင့် ဒီမိုကရေစီ ဘိုးအေ၊ ဘွားအေ နိုင်ငံကြီးတွေက သာမန်လူထုတွေထက်တော့ ဘယ်အချိန်ယှဉ်ယှဉ် ခေါင်းတစ်လုံး ပိုမြင့်တယ်လို့ ပြောဝံ့တယ်။

mgyoe.com

mgyoe.com


## လူကိုဗဟိုပြု

ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးမှာရော၊ ဘွားအေနိုင်ငံကြီးမှာပါ ရွေးကောက်ပွဲလုပ်ရင် မူကိုသိပ်မကြည့်ဘဲ လူကိုပဲ ဗဟိုပြု စဉ်းစားကြတယ်။ ဒါကြောင့် ရွေးကောက်ပွဲဝင်မယ့်သူတိုင်း ပိုက်ဆံများများရှာပြီး ရုပ်မြင်သံကြားမှာ အဆက်မပြတ်ပါနေအောင် ကြိုးစားကြရတယ်။ ရုပ်သံလွှင့်ဌာနက လူတွေနဲ့ ပီအာသမားတွေကို ကြေးကြီးကြီးပေးပြီး ငှားကြတယ်။ တချို့ဆိုရင် အရည်အချင်းက ဒါလောက်ရှိတာ မဟုတ်ဘူး၊ ပိုက်ဆံအများဆုံး ရအောင်ရှာပြီး ရုပ်မြင်သံကြားမှာ အဆက်မပြတ်ပါအောင် လုပ်နိုင်တာကြောင့် အရွေးခံလိုက်ကြရတယ်။ ဒါက သာမန်လူထုတွေရဲ့ နိုင်ငံရေး အသိရေချိန် နိမ့်ကျတာကို ပြလိုက်တာဖြစ်တယ်။

## မြန်မာတွေက မူကိုပဲကြည့်

မြန်မာပြည်သူ လူထုက နိုင်ငံရေးမှာ လူကိုမကြည့်ဘူး။ မူကိုပဲ ကြည့်တယ်။ သာဓကအနေနဲ့ ဒီနေ့ နိုင်ငံတော်သမ္မတ ဖြစ်လာတဲ့ ဦးသိန်းစိန်နဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ဟာ မကြာသေးခင်ကာလက ဗိုလ်ချုပ်ကြီးများ ဖြစ်ကြတယ်။ တပ်မတော်အစိုးရရဲ့ အမြင့်ဆုံး ပုဂ္ဂိုလ်တွေထဲမှာ ပါဝင်ခဲ့ကြတယ်။ အဲဒီအချိန်မှာ ပြည်သူအများစုက တပ်မတော် အစိုးရနဲ့ ဆန့်ကျင်ဘက်မှာ ရပ်နေခဲ့ကြတယ်။ ဒီမိုကရေစီအစိုးရ ထူထောင်ဖို့ တစ်သမတ်တည်း တောင်းဆိုခဲ့ကြတယ်။ ဗိုလ်ချုပ်ကြီး သိန်းစိန်တို့ ဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့ အပေါ်မှာလည်း အကောင်းမြင်စိတ် မရှိခဲ့ကြဘူး။

## လှိုက်လှိုက်လှဲလှဲကြိုဆို

ဒါပေမဲ့ ဒီကနေ့ ဗိုလ်ချုပ်ကြီးတွေက ဦးသိန်းစိန်တို့ သူရဦးရွှေမန်းတို့ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး စိတ်ချမ်းသာကြရအောင် ဒီမိုကရေစီကို မဖြစ်မနေအကောင်အထည်ဖော်သွားမယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း မတူတာတွေဘေးဖယ်ထားပြီး တူတာတွေ အတူလက်တွဲ ဆောင်ရွက်သွားမယ်လို့ လူသိရှင်ကြား ထုတ်ဖော်ပြောကြားတဲ့အခါကျတော့ ပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြတယ်။ စာနယ်ဇင်းတွေ အားလုံးကလည်း မင်္ဂလာသတင်းအဖြစ် အသားပေး ဖော်ပြခဲ့ကြတယ်။

mgyoe.com

mgyoe.com


## အခြေခံဥပဒေ လက်မခံသေးသူ

ဒါ့အပြင် သမ္မတကြီးက လက်နက်ကိုင် တိုက်ခိုက်နေဆဲ တိုင်းရင်းသား အဖွဲ့အစည်းတွေအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသူများနဲ့ပါ လက်တွဲ ဆောင်ရွက်သွားနိုင်အောင် နည်းလမ်းတွေရှာဖို့ တံခါးကို အမြဲတမ်း ဖွင့်လှစ်ထားပါတယ်လို့ ပြောလိုက်တဲ့အခါကျတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ခုအချိန်ထိ လက်မခံသေးတဲ့ ဒီစာရေးသူကိုယ်တိုင် ကြိုဆိုလိုက်ပါတယ်။ ပြည်သူ တစ်ရပ်လုံးလည်း မျှော်လင့်ချက်တွေ နိုးကြားရှင်သန်လာကြတယ်။

## အာဏာရှင်စနစ် မနှစ်မြို့တာ

ဒီအချက်က မြန်မာတွေဟာ နိုင်ငံရေးမှာ လူကိုမကြည့်၊ မူကိုသာ ကြည့်တယ်ဆိုတဲ့ အထင်ရှားဆုံး သာဓက ဖြစ်တယ်။ နိုင်ငံရေး အသိစိတ် ဘယ်လောက် မြင့်မားတယ်ဆိုတာ ပြလိုက်တာလည်း ဖြစ်တယ်။ မြန်မာတွေက ဗိုလ်ချုပ်တွေနဲ့ တပ်မတော်သားတွေကို ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး။ အာဏာရှင် စနစ်ကို မနှစ်မြို့တာသာဖြစ်တယ်။ တပ်မတော်သားတွေက ဒီမိုကရေစီ လမ်း ကြောင်းထဲဝင်လာပြီဆိုရင် ဝမ်းသာအားရ ကြိုဆိုလက်တွဲကြမှာပါ။ ဒေါ်အောင် ဆန်းစုကြည်ကို လူတွေက ချစ်တယ်ဆိုတာလည်း ဗိုလ်ချုပ်သမီးမို့ ဆိုတဲ့ အစွဲနဲ့ချစ်တာ မဟုတ်ဘူး။ သူ့လုပ်ဆောင်ချက် သူ့မူတွေကြောင့် ချစ်တာ ဖြစ်တယ်။ တစ်နေ့နေ့မှာ ပြည်သူတွေကို ကျောခိုင်းပြီး ပြည်သူနဲ့ ဆန့်ကျင်တဲ့ ဘက်မှာ ရပ်သွားရင်တော့ ပြည်သူကလည်း ကျောခိုင်းလိုက်မှာပါ။ မြန်မာတွေက နိုင်ငံရေးအသိ မြင့်မားပါတယ်။

■

mgyoe.com

mgyoe.com

## စာနယ်ဇင်းသမားနဲ့ ရပ်တည်ချက်

"အခုတစ်လော လူငယ်ခြေတက်ကလေးတွေ အသင်းပြောင်း သိပ်များနေတယ် ခင်ဗျ။ ဆရာ့အမြင်လေး ပြောပါဦး"

"ဒါ အထူးအဆန်း မဟုတ်ပါဘူး။ သူ့သဘာဝအလျောက် ဖြစ်လာတာပဲ"

"သုံးလေးနှစ်အချိန်ယူပြီး သင်ကြားလေ့ကျင့်ပေးထားရသူတွေကို ငွေရှင်စီးပွားရေးသမားတွေက ငွေနဲ့ပေါက်ပြီး ခေါ်သွားကြတာ တရားမလွန်ဘူးလား ခင်ဗျ"

"စီးပွားရေးလောကမှာတော့ ဒါမျိုးက လုပ်ရိုးလုပ်စဉ်ပဲ။ သိပ်အောင်မြင်နေတဲ့ ကော်ပိုရေးရှင်းကြီးတွေက နာမည်ကြီး "စီအီးအို"တွေကို မက်လောက်တဲ့ လစာတွေပေးပြီး မရမက ခေါ်လေ့ရှိတာ သူတို့ဆီမှာ ဘာမှမဆန်းဘူး။ နယူးစ်ဝိခ် မဂ္ဂဇင်း အယ်ဒီတာအဖြစ် နာမည်ကြီးနေတဲ့ "ဖခါးရီးယား" (Fareed Zak.. ıa) တောင် ပြိုင်ဘက် တိုင်းမဂ္ဂဇင်းကို ကွက်ပြောင်းသွားတယ် မဟုတ်လား"

### ဖောဖောသီသီပေးလိုက်ချိန်

အခုတစ်လော ဂျာနယ်တိုက်တွေက အယ်ဒီတာတွေ ရောက်လာတဲ့အခါတိုင်း မေးလေ့ဖြေလေ့ရှိတဲ့ စကားတွေပါ။ ဂျာနယ်ထုတ်ဝေခွင့်တွေ ဖောဖောသီသီ ချပေးလိုက်တဲ့ အချိန်ကစပြီး စာပေနယ်က မဟုတ်တဲ့ စီးပွားရေးသမားတွေ ဂျာနယ်လောကထဲကို အတော်များများ ဝင်လာကြတယ်။ တချို့က ကိုယ်ပိုင်ထုတ်ဝေခွင့် ရကြတယ်။ တချို့က ကိုယ်ပိုင်မရသေးတဲ့အတွက် သူများနာမည်နဲ့ ကျထားတာကို ငှားပြီးထုတ်ကြတယ်။

mgyoe.com

mgyee.com


ဒီလိုနဲ့ ဂျာနယ်တွေ နှစ်ရာနီးပါးအထိ ရှိလာတယ်။ တိုင်းပြည်အတွက် မျက်စိတွေနားတွေ တိုးလာသလို လူငယ်တွေအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးလာတာဖြစ်လို့ ဝမ်းသာရတယ်။

## ခေါင်းစားကြရ

ဂျာနယ်တွေ စတင်ထုတ်ဝေခွင့် ပြုလိုက်တဲ့အချိန်ကဆိုရင် လုပ်နိုင် ကိုင်နိုင်သူ မရှိလို့ ထုတ်ဝေသူနဲ့ အယ်ဒီတာတွေ တော်တော် ခေါင်းစားကြရတယ်။ အထူးသဖြင့် သတင်းဂျာနယ်တွေအတွက် သတင်းထောက် လုပ်တတ်သူ၊ အယ်ဒီတာလုပ်တတ်သူ မရှိသလောက် ရှားတာနဲ့ ရင်ဆိုင်ရတယ်။ တချို့ဆို ဂျာနယ် မထုတ်မီ လေးငါးခြောက်လလောက်ကစပြီး လူငယ်တွေ စိစစ်ရွေးချယ် ခန့်ထားပြီး သင်ကြားလေ့ကျင့်ပေးကြတယ်။ လူငယ်တချို့က သင်တန်းကာလမှာ လစာပေးထားတာဟောင် သတင်းဂျာနယ်ရဲ့ သဘာဝကို မခံနိုင်လို့ တစ်လလောက် လုပ်ပြီးတာနဲ့ ပေါ်မလာကြတော့ဘူး။

## ပေ့ါပ်တွနဲ့ စခဲ့တာ

သူတို့တစ်တွေက ဂျာနယ်လစ်ဆိုတာ ပွဲတွေလမ်းတွေမှာ ရှေ့ဆုံးတန်းက ထိုင်၊ စင်ပေါ်တက် ကံစမ်းမဲနှိုက်ပေး၊ ပြီးတော့ လက်ဆောင်ယူပြီး ပြန်ဆိုတာ မျိုးတွေလောက်ပဲ လုပ်ရလိမ့်မယ်ထင်ပြီး ရောက်လာကြတာကိုး။ တချို့ကတော့ မင်းသားမင်းသမီးတွေနဲ့ ခွေလိုမ့်ဖက် သူငယ်ချင်းတွေလို ပြောဆိုရေးသားနေကြတာတွေ အားကျပြီး ဝင်လာကြတာ။ နဖူးတွေ့ဒူးတွေ့ ခြေတိုအောင် သတင်းတွေ လိုက်ရှာရတဲ့အခါကျတော့ စိတ်ပျက်ပြီး နောက်ဆုတ်သွားကြရော။ သူတို့ကို အပြစ်မတင်ပါဘူး။ ဒီခေတ်ဂျာနယ်တွေက ပေ့ါပ်ဂျာနယ်တွေနဲ့ အစပြုခဲ့ကြတာ ဆိုတော့ အဲဒီအကျင့်စရိုက်တွေက တော်တော်နဲ့ မပျောက်နိုင်ဘူးလေ။ အခုမှ ဖြည်းဖြည်းချင်း ပျောက်နေကြရတယ်။

## လူရာသွင်းမခံရ

ခုအချိန်မှာ သတင်းဂျာနယ်တွေ အများအပြား ပေါ်ထွက်လာပြီး ဩဇာ အရှိန်အဝါ ကြီးမားလာကြတာတောင် ပေ့ါပ်ဂျာနယ်ခေတ်က လုပ်နည်းလုပ်ဟန် တွေကို မစွန့်နိုင်သူတွေ ရှိနေသေးတယ်။ စီးပွားရေးသမားတွေနဲ့ ပေါင်းပြီး

mgyee.com

mgyoe.com


စပွန်ဆာတောင်းတာတွေ၊ ကြော်ငြာကို သတင်းယောင်ဆောင် ရေးပေးပြီး ကြော်ငြာခယူတာတွေ၊ မျက်နှာဖုံးတင်ပေးခ ငါးသိန်းခြောက်သိန်း ယူတာတွေ မပျောက်သေးဘူး။ ရေးခေတ်ကလည်း မရှိတာမဟုတ် ရှိတယ်။ ဒါပေမဲ့ အဲဒီလို လုပ်စားသူတွေနဲ့ သူတို့စာစောင်တွေဟာ ဘယ်တော့မှ လူရာသွင်း မခံရဘူး ဆိုတာ လူငယ်တွေ သိစေချင်တယ်။ ကောင်းတာကိုသာ အတုယူကြစေချင် တယ်။

## ကြော်ငြာခ လေးကြိမ်ရ

ဂျာနယ်လုပ်ငန်းက တစ်ပတ်တစ်ကြိမ် ထုတ်ရတာဆိုတော့ တစ်လ အတွင်းမှာ ကြော်ငြာခလေးကြိမ်ရတယ်။ မဂ္ဂဇင်းအလုပ်ထက် ပိုမက်စရာ ကောင်း တယ်။ တစ်နှစ်လောက်အတွင်းမှာ ဝုန်းခနဲ ထောင်တက်သွားနိုင်သလို တလိမ့် ခေါက်ကွေးလည်း ကျသွားနိုင်တယ်။ နောက်ခံအား တောင့်တင်းတဲ့ စီးပွားရေး သမားများအကြိုက်ဖြစ်လို့ ခုနောက်ပိုင်းမှာ ငွေထုပ်ပိုက်ပြီး ဝင်လာကြတယ်။ လုပ်တတ်တဲ့ လူငယ်တွေကို သူတို့ရနေတဲ့ လစာထက် နှစ်ဆသုံးဆ ပိုပေးပြီး ခေါ်တယ်။ ပိုရရင် လိုချင်တာ သဘာဝမို့ လူငယ်တွေကို အပြစ်မတင်ဘူး။ အဆင်ပြေတယ် ဆိုရင် ဝမ်းသာရမှာပဲ။

## ကွင်းထပ်ပြောင်းကြ

ဒါပေမဲ့ တွေ့ရသလောက်တော့ ပြောင်းသွားတဲ့ ကွင်းမှာ အများစုက အဆင်မပြေကြဘူး။ အထူးသဖြင့် သတင်းအလုပ်ကို အမှန်တကယ် ဝါသနာပါ လို့ ဝင်လုပ်ကြတဲ့ လူငယ်တွေ အဆင်မပြေဘူး။ တချို့ တစ်လလောက်လုပ်ပြီး ထွက်သွားတယ်။ တချို့ သုံးလေးလလုပ်ပြီး ကွင်းထပ် ပြောင်းပြန်တယ်။ ဂျာနယ်ထုတ်ဝေသူက စီးပွားရေးနယ်က လာတဲ့သူ ဖြစ်တာကြောင့် ဂျာနယ် အလုပ်ကို ကုမ္ပဏီအုပ်ချုပ်သလို အုပ်ချုပ်လေ့ရှိတယ်။ သတင်းလုပ်ငန်းရဲ့ သဘောသဘာဝကို နားမလည်ဘူး၊ ဖောင်ပိတ်ရက်မှာ တစ်ညလုံးမအိပ်ဘဲ အလုပ်လုပ်ရတဲ့ သူတွေကို ကျေးမို့မွေးဖို့ ဆိုတာထား၊ နောက်နေ့ ဆယ်နာရီ ဆယ့်တစ်နာရီလောက်မှ ရုံးလာနိုင်တာကိုတောင် ဒဏ်တပ်ချင်သေးတာ။ ဒီတော့ ဘယ်အဆင်ပြေမှာလဲ။

mgyoe.com

## ယုံကြည်မှုနဲ့ ရပ်တည်ချက်

တိုက်တစ်တိုက်မှာ စွဲစွဲမြဲမြဲမလုပ်တဲ့ တခြားအကြောင်းတစ်ခုကတော့ တစ်ဦးချင်းရဲ့ "ရပ်တည်ချက်"နဲ့ ဆိုင်လိမ့်မယ် ထင်တယ်။ "ယုံကြည်မှု" တစ်ခုကို အခိုင်အမာ စွဲကိုင်ပြီး ရပ်တည်တဲ့ သတင်းသမား တစ်ယောက်ဟာ သူနဲ့ ယုံကြည်ချက်ချင်း ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတဲ့ တိုက်မျိုးကို ငွေဘယ်လောက်ပုံပေးပေး ပြောင်းသွားမှာမဟုတ်ဘူး။ သူ့ယုံကြည်ချက်နဲ့ တူညီတဲ့ တိုက်မျိုးမှာသာ စွဲစွဲမြဲမြဲ လုပ်နေမှာ ဖြစ်တယ်။ ဆရာဒဂုန်တာရာ၊ တာရာမဂ္ဂဇင်း ထုတ်စမှာ သစ်လုပ်ငန်းနဲ့ တင့်တောင်းတင့်တယ်ဖြစ်နေတဲ့ ဆရာဇန်းမော်တင် အောင် ရောက်လာပြီး၊ ဝင်ကူပါ့မယ်။ ပိုက်ဆံတစ်ပြားမှ မပေးပါနဲ့။သူနဲ့ပါလာတဲ့ ငွေကိုလည်း တာရာအတွက် လိုအပ်ရင် သုံးပါလို့ ပြောခဲ့တာလူတိုင်း ကြားဖူး ကြတယ်။ အဲဒါ ယုံကြည်ချက်ချင်း ရပ်တည်ချက်ချင်း တူလို့ပဲ။ ဆရာဇန်းမော် တင်အောင်ဟာ အသက်ထက်ဆုံး သူ့ရဲဘော်ကြီး "ကိုငွေးမြိုင်"နဲ့ လက်တွဲ မဖြုတ်စတမ်း နေသွားခဲ့ပါတယ်။

## ယုံကြည်မှု သင်ကြားပေးပါ

ဂျာနယ်တိုက်တွေအနေနဲ့ ကိုယ်လေ့ကျင့်သင်ကြားပေးထားတဲ့ လူငယ် သတင်းသမားလေးတွေကို လက်မလွှတ်ချင်ဘူးဆိုရင် သူတို့ကို သတင်းလိုက်ပုံ၊ သတင်းရေးပုံတွေလောက်သာ သင်ကြားလေ့ကျင့်ပေးရုံနဲ့ မလုံလောက်ပါဘူး။ မြဲမြံခိုင်မာတဲ့ "ယုံကြည်မှု"တစ်ခု တည်ဆောက်နိုင်တဲ့အထိ သင်ကြားပေးဖို့ လိုပါတယ်။ သတင်းသမားရဲ့ အခြေခံအကျဆုံး "ရပ်တည်ချက်"အပေါ်မှာ တော့ သတင်းသမားတိုင်း အခိုင်အမာ ယုံကြည်မှုရှိပြီး လိုက်နာကျင့်သုံးနိုင်ရ ပါမယ်။ အဲဒီ အခြေခံအကျဆုံး ရပ်တည်ချက်ကတော့ သတင်းလုပ်ငန်းဆိုတာ အများအကျိုး သည်ပိုးထမ်းရွက်တဲ့ ပရဟိတလုပ်ငန်း စစ်စစ်ကြီး ဖြစ်တယ် ဆိုတဲ့ အချက်ဖြစ်တယ်။

## သူလျှိုဒလန်မလုပ်

ဒီယုံကြည်မှု ခိုင်မာတဲ့သူဟာ သတင်းလုပ်ငန်းကို ခုတုံးလုပ်ပြီး ကိုယ် ကျိုးရှာတဲ့ အလုပ်မျိုး ဘယ်တော့မှလုပ်မှာ မဟုတ်ဘူး။ မျက်နှာဖုံးစာတ်ပုံနဲ့ ဆောင်းပါးထည့်ပေးမယ်။ ငါးသိန်းပေးလို့လည်း ဘယ်တော့မှ တောင်းမှာ

mgyoe.com

mgyoe.com


မဟုတ်ဘူး။ သံရုံးဝါဒဖြန့်ကြော်ငြာကို ဆောင်းပါးယောင်ဆောင် ထည့်ပေးပြီး ကြော်ငြာခ နှင့်ခနဲနေအောင် တောင်းယူတာမျိုးလည်း ဘယ်တော့မှ မလုပ်ဘူး။ အစိုးရရဲ့ "သူလျှိုဒလန်"မလုပ်သလို နိုင်ငံရေးပါတီတွေရဲ့ လက်ကိုင်တုတ်လည်း မလုပ်ဘူး။ စီးပွားရေးသမားတွေက ငွေထုပ်ကြီးပြခေါ်လည်း ယုံကြည်ချက်ချင်း ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေရင် ဘယ်တော့မှ ပြောင်းသွားမှာ မဟုတ်ဘူး။

## ပေါ့ပ်အငွေ့အသက် မကင်းသေး

"ရပ်တည်ချက်" မခိုင်မာရင် ကွင်းပြောင်းတာကို ဘယ်လိုမှ မတားနိုင်ဘူး။ ရပ်တည်ချက် ခိုင်မာအောင် တည်ဆောက်ဖို့ အဓိကထား လုပ်သင့်တယ်။ သတင်းအလုပ်ကို ထမင်းစားဖို့ အလုပ်ထက်ပိုပြီး အလေးအနက်ထားတဲ့ လူငယ်တွေ များများပေါ်ထွက်လာမှ သတင်းလုပ်ငန်းတွေလည်း တိုးတက်လာမှာ ဖြစ်တယ်။ ဒီလို ရပ်တည်ချက် ခိုင်မာတဲ့ လူငယ်တွေ လက်ထက်ရောက်မှ ပေါ့ပ်ဂျာနယ် အငွေ့အသက်တွေ မကင်းသေးတဲ့ ဒီနေ့ဂျာနယ်လောကကြီးလည်း သန့်ရှင်းသွားမှာ ဖြစ်ပါတယ်။

၈–၁၀–၂၀၁၁

■

mgyoe.com

mgyoe.com

## လူငယ်နဲ့ နားထောင်ခြင်းကုထုံး

စာနယ်ဇင်းအကြောင်း စာတွေ အရေးများသလို၊ လူငယ်တွေအကြောင်း နိုင်ငံရေးနဲ့ လူမှုရေးအကြောင်း စာမျိုးတွေလည်း အတော်များများ ရေးခဲ့တာကြောင့် လူငယ်တွေ အရောက်အလာ များတတ်ပါတယ်။ တချို့က မေးစရာတွေရှိလို့၊ တချို့က ဆွေးနွေးချင်လို့၊ တချို့က ရင်ဖွင့်ချင်လို့ စတဲ့ အကြောင်းမျိုးစုံ လူမျိုးစုံပါပဲ။

### ဆုံးမမယ့်သူသိပ်ပေါ

ဘယ်သူလာလာ၊ ဘာကြောင့်လာလာ၊ တစ်ခုတော့ သေသေချာချာ လုပ်ပေးတယ်။ အဲဒါကတော့ သေသေချာချာ ဂရုတစိုက် နားထောင်ပေးတာဖြစ်တယ်။ နှစ်ပေါင်းနှစ်ဆယ်ကျော် လူငယ်လူရွယ်တွေကို အင်္ဂလိပ်စကားပြောသင်ပေးတဲ့ ဆရာ လုပ်ခဲ့လေတော့ လူငယ်တွေ အထူးလိုအပ်နေတဲ့၊ လူငယ်တွေသိပ်ကိုလိုချင်နေတဲ့ အချက်ကို ကောင်းကောင်းသိထားတယ်။ လူငယ်တွေကို ဆုံးမမယ့်သူ သိပ်ပေါတယ်။ ဆရာလုပ်မယ့်သူလည်း သိပ်များတယ်။ ဒါပေမဲ့ လူငယ်တွေ ပြောချင်တဲ့စကားကို စိတ်ရှည်လက်ရှည်နဲ့ နားထောင်ပေးသူတော့ မရှိသလောက် ရှားတယ်။ အိမ်က မိဘတွေမှာလည်း ကိုယ်စီကိုယ်စီ ပိုက်ဆံရှာရတဲ့ အလုပ်တွေနဲ့ နားရတယ်လို့ မရှိတော့ သားသမီးတွေနဲ့ စကားဝိုင်းဖွဲ့မနေနိုင်ကြဘူး။

mgyoe.com

mgyoe.com


## နာရီကြည့်ရင်းစားကြသွားကြ

မြို့ကအိမ်တွေမှာ မိသားစု ထမင်းဝိုင်းဆိုတာ မရှိတော့ဘူး။ ကျူရှင်သမား၊ ကျောင်းသမား၊ ရုံးသမား၊ ကိုယ့်ဟာကိုယ်ပဲ အဆင်ပြေသလို နာရီကြည့်ရင်း စားကြသွားကြရတာဆိုတော့ ဘယ်သူ့ဘယ်သူမှ စောင့်မနေနိုင်ဘူး။ ကျောင်းတစ်ကျောင်းတည်း တက်တဲ့ ညီအစ်ကိုနှစ်ယောက်၊ ဒါမှမဟုတ် ညီအစ်မနှစ်ယောက်တောင် တစ်ယောက်က မနက်တက်၊ တစ်ယောက်က နေ့လယ်တက် ဖြစ်ချင်ဖြစ်နေတတ်တာမျိုး။ အိမ်မှာ မိဘတွေနဲ့ စကားပြောဖို့ အချိန်မရှိသလိုဘဲ။ ကျောင်းမှာလည်း ဆရာဆရာမတွေနဲ့ စကားပြောချိန် မရှိပါဘူး။ ဆရာဆရာမတွေမှာလည်း စာသင်တဲ့အလုပ်အပြင် မရောင်ရာဆီလူးရတဲ့ အလုပ်တွေက သိပ်များရှာကြတာဆိုတော့ ဘယ်အချိန်ပြည့် လိုက်ကြည့်လိုက် "သာခွေယိုင်" ဖြစ်နေကြတာချည်းပါပဲ။

## စာကျက်ကြလိမ္မာကြ

အဲဒီတော့ ဆရာဆရာမတွေကလည်း သင်စရာရှိတဲ့စာ သင်ပြီးတာနဲ့ စာကျက်ကြ၊ လိမ္မာကြဆိုတာထက် ပိုမပြောနိုင်ကြတော့ဘူး။ အိမ်က မိဘတွေနဲ့ မျက်နှာချင်းဆိုင်မိကြတော့လည်း စာကျက်ကြ၊ လိမ္မာကြ ဆိုတာပဲ ကြားကြရတယ်။ ပိုပြောလှရင် တစ်ခွန်းပဲ။ ပိုက်ဆံသိပ်မသုံးကြနဲ့ ဆိုတဲ့ တစ်ခွန်း။ ဘေးလူကြားရင်တော့ မုန့်ဖိုးတွေပဲ အများကြီး ပေးထားသလို။ "ခရက်ဒစ်" ကတ်ပဲ လုပ်ပေးထားသလို ထင်ကြမှာ။ လူငယ်လည်း လူငယ်အလျောက်မို့ ကလေးလည်း ကလေးအလျောက်မို့ ပြောချင်တာတွေ ကိုယ်စီရှိကြတယ်။ ဒါပေမဲ့ နားထောင်ပေးမယ့်သူတော့ တစ်ယောက်မှ မရှိကြဘူး။

## ဖွင့်ပေးလိုက်

အဲဒီလို လူငယ်လေးတွေ သင်တန်းကို ရောက်လာကြတော့ ပြောချင်တာပြော အင်္ဂလိပ်လိုပြောရင် ဘာပြောပြော နားထောင်ပေးမယ်လို့ ဖွင့်ပေးလိုက်တယ်။ အစပိုင်းမှာ ရှက်ရွံ့ပြီး နှုတ်မရဲ လျှာမသွက် ဖြစ်နေပေမဲ့ သူတို့ မပြောတတ်တာလေးကို ထောက်ပေးလိုက်၊ မှားတာလေး ပြင်ပေးလိုက် လုပ်ရင်းနဲ့ တဖြည်းဖြည်း အရှိန်လေးရတော့ တော်တော်ဟန်ကျသွားတယ်။ ဒီနည်းက

mgyoe.com

mgyee.com


တစ်ချက်ခုတ်နှစ်ချက်ပြတ် အကျိုးရှိတယ်။ သူတို့ ရင်ဖွင့်ချင်တာတွေ ဖွင့်ခွင့်ရသွားသလို၊ အင်္ဂလိပ်စကားပြော လေ့ကျင့်ပြီးသားလည်း ဖြစ်သွားတယ်။

## နားထောင်ခြင်းကုထုံး

အခု စာမသင်နိုင်တော့လို့ စာတွေရေးနေတဲ့ အခါမှာလည်း အကြောင်းအမျိုးမျိုးနဲ့ လူငယ်တွေ ရောက်လာကြတယ်။ ရင်ဖွင့်ချင်လို့ ရောက်လာကြတာက ခပ်များများပါပဲ။ စိတ်ရှည်လက်ရှည် နားထောင်ပေးလိုက်တဲ့အခါ သူတို့ ရင်ထဲတစ်ဝက်လောက်တော့ ပေါ့သွားကြမြဲပါ။ အလိုလို ပေါ့သွားတာပါ။ ဘာမှ လုပ်မပေးလိုက်ရပါဘူး။ ဒါကို "နားထောင်ခြင်းကုထုံး" (Listening therapy) လို့ခေါ်ရင် ရမလားတောင် မသိဘူး။ အထိုက်အလျောက် ရင်ထဲပေါ့ပါးသွားပြီ ဆိုတော့ ဖြေရပြောရတာ သိပ်လက်မဝင်တော့ဘူးပေါ့။

## ဝေဝါးရှုပ်ထွေးနေတာတွေ

ခုတစ်လော ရောက်လာတဲ့ လူငယ်တွေကတော့ ကိုယ်ရေးကိုယ်တာတွေ ဆွေးနွေးမေးမြန်းဖို့ ရောက်လာကြတာ မဟုတ်ဘူး။ သူတို့ရင်ထဲမှာ မတင်မကျနဲ့ ဝေဝါးရှုပ်ထွေးနေတဲ့ တိုင်းရေးပြည်ရေး ပေါက်နဲ့ကျေး ကိစ္စတွေကို ဆွေးနွေးဖို့ ရောက်လာကြတာ ဖြစ်တယ်။ လိုတိုရှင်း ပြောရရင်တော့ အမှန်တကယ် ဒီမိုကရေစီ ရတော့မှာလား၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လှိမ့်ဝင်လာရင် ဆင်းရဲတွင်းက လွတ်ကင်းတော့မှာလား ဆိုတဲ့ မေးခွန်းတွေကို မေးမြန်းဆွေးနွေးချင်လို့ ရောက်လာကြတာ ဖြစ်တယ်။ လူငယ်တွေ တိုင်းရေးပြည်ရေး စိတ်ဝင်တစားရှိတာ ဝမ်းသာစရာပဲ။ နိုင်ငံရေးလုပ်ရင် ထောင်ထဲရောက်မှာပဲ ဆိုတဲ့ "ထောင်ကြောက်စိတ်" ဒီခေတ်လူငယ်တွေမှာ မရှိတာ အားရစရာ ဖြစ်တယ်။ အနာဂတ်အတွက် အားတက်စရာ ဖြစ်တယ်။

## အဝေးကြီးသွားရဦးမယ်

လူငယ်တွေ ပြောသမျှ ကုန်စင်အောင် နားထောင်ပြီးတော့မှ သူတို့ကို ပြန်ပြောရတယ်။ ဒါလည်း မခက်ပါဘူး။ သူတို့ မေးတာက အမှန်တကယ် ဒီမိုကရေစီ ရတော့မှာလား ဆိုတာနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ လှိမ့်ဝင်လာရင် ဆင်းရဲတွင်းက လွတ်ကင်းတော့မှာလား ဆိုတာ ဖြစ်တယ်။ အဲဒါတွေ

mgyee.com

mgyoe.com


ချက်ချင်းလက်ငင်း ဖြစ်လာလိမ့်မယ် ထင်သလားလို့ သူတို့မေးခွန်းနဲ့ သူတို့ကို ပြန်မေးလိုက်တော့ အားလုံး ခေါင်းခါပြကြတယ်။ ဟုတ်တယ် မဖြစ်သေးပါဘူး။ အခုမှ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို စတင်ခြေလှမ်းချစပဲ ရှိသေးတယ်။ ခရီး အဝေးကြီးသွားရဦးမယ်လို့ သမ္မတကြီးဦးသိန်းစိန်က ပြောသလို ဒေါ်အောင်ဆန်း စုကြည်ကလည်း ပြောခဲ့တယ်။ နှစ်ပေါင်းငါးဆယ်လုံးလုံး အမိန့် အာဏာနဲ့ အုပ်ချုပ်တဲ့ အာဏာရှင်စနစ်အောက်မှာ နေခဲ့ရတာဆိုတော့ လုပ်နည်းလုပ်ဟန်တွေ၊ အလေ့အထတွေ၊ အကျင့်စရိုက်တွေ အားလုံးကို အောက်ခြေကစပြီး ပြုပြင်ပစ်ဖို့ အများကြီး လုပ်ရဦးမှာ ဖြစ်တယ်။

## ဘယ်သူအာဏာပိုင်လဲ

အခုလောလောဆယ်တော့ ဒီမိုကရေစီရဲ့ ပြယုဂ်ဖြစ်တဲ့ လွှတ်တော်ထဲမှာ တောင် ဒီမိုကရေစီ အလေ့အထ၊ ဒီမိုကရေစီ အနှစ်သာရတွေ အပြည့်အဝ မြင်တွေ့ရဖို့ လိုနေသေးတာ တွေ့ရတယ်။ ရုံးတွေ ဌာနဆိုင်ရာတွေမှာဆိုရင် လည်း အတော်များများက အရင်ခေတ်တွေကအတိုင်း ကျင့်သုံးနေကြဆဲ ဖြစ် တယ်။ ကိုယ့်ဟာကိုယ် အာဏာပိုင်ပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေလို့ ယူဆနေကြ ဆဲ ဖြစ်တယ်။ ဒီမိုကရေစီခေတ်မှာ ပြည်သူလူထုက အာဏာပိုင် ဖြစ်တယ် ဆိုတာကို နားမလည်ကြသေးဘူး။ နားလည်အောင် ကြိုးစားဖို့ လိုအပ်တယ် လို့တောင် မသိကြသေးဘူး။

## အလှူ့ဒါနလုပ်ဖို့ လာမှာမဟုတ်

ဒီမိုကရေစီစနစ်မှာ နိုင်ငံရေး လွတ်လပ်ခွင့်နဲ့အတူ စီးပွားရေး လွတ်လပ် ခွင့်လည်း ရှိလာမှာဆိုတော့ ငွေကြေးအရင်းအနှီးတွေလည်း လွတ်လွတ်လပ်လပ် စီးဝင်လာကြမှာပါ။ ဒါပေမဲ့ သေသေချာချာ သိထားရမယ့် အချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ အလှူ့ဒါနပြုဖို့ ရောက်လာကြတာ မဟုတ်ဘူး။ စီးပွားရှာဖို့၊ အမြတ်ရဖို့ ရောက်လာကြတာ ဆိုတဲ့အချက် ဖြစ်တယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ဒလဟော စီးဝင်လာရင် အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါများလာမယ် ဆိုတာကလည်း ကုန်ချောထုတ်လုပ်တဲ့ စက်ရုံကြီးတွေ တည် ဆောက်မှသာ အလုပ်တွေ ပေါ်လာမှာ ဖြစ်တယ်။

mgyoe.com

mgyoe.com


## ကိုယ်ကျိုးစီးပွားကာကွယ်ဖို့

မြေပေါ်မြေအောက် သယံဇာတတွေ ထုတ်ယူဖို့နဲ့ ကုန်သွယ်ဝယ်ရောင်း လုပ်ဖို့ မော်တော်ကား အရောင်းပြခန်းကြီးတွေ ဖွင့်ဖို့လောက်သာ လုပ်နေကြ လို့ကတော့ ရေရှည်မှာ ကိုယ့်အတွက် ဘာမှ ရလိုက်စရာ မရှိဘူး။ အဲဒါကြောင့် ရင်းနှီးမြှုပ်နှံမှုတွေကို လက်ခံခွင့်ပြုရာမှာ တိုင်းပြည်အတွက် ရေရှည်အကျိုးရှိ စေမယ့် လုပ်ငန်းမျိုးကိုသာ ခွင့်ပြုဖို့လိုတယ်။ အမေရိကန်လို၊ အီးယူလို၊ ဂျပန်လို စီးပွားရေးထိပ်သီး နိုင်ငံကြီးတွေမှာတောင် သူတို့နိုင်ငံရဲ့ ကိုယ်ကျိုးစီးပွားကို ကာကွယ်ဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်တဲ့ (Protectionist) ကိုယ်ကျိုး စီးပွား ကာကွယ်ရေးမူဝါဒတွေ ကျင့်သုံးကြပါသေးတယ်။

## စမ်းသပ်ဆဲကာလ

အခုအချိန်က အရာအားလုံး "မြေစမ်းခရမ်းပျိုး" လုပ်နေတဲ့အချိန် ဖြစ်တယ်။ သမ္မတ ဦးသိန်းစိန်တို့ဘက်ကလည်း နှစ်ငါးဆယ်လုံးလုံး တစ်သွေး တစ်သံတစ်မိန့် အာဏာရှင်စနစ်နဲ့ အုပ်ချုပ်လာရာက ရုတ်တရက် ချက်ချင်း အရပ်ဝတ်ပြောင်းဝတ်ပြီး ဒီမိုကရေစီစနစ်ကို စမ်းသပ်နေရဆဲ ဖြစ်တယ်။ ပြီးတော့ နှစ်ဆယ့်သုံးနှစ်လုံးလုံး နာမည်ကိုတောင် မကြားချင်လောက်အောင် ဖြစ်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လက်တွဲလုပ်ဆောင်နိုင်ဖို့ စိတ်ဓာတ်ရေးအရ အများကြီး ပြင်ဆင်ပြောင်းလဲခဲ့ရတာ ဖြစ်တယ်။ အလားတူပါပဲ။ ဒေါ်အောင်ဆန်းစုကြည် ဘက်ကလည်း လွယ်လှတာ မဟုတ်ဘူး။ အများကြီးကို "စွန့်စား"ခဲ့ရတာ ဖြစ်တယ်။

## စောင့်ကြည့်ဦးမယ်

ဒီအကြောင်းတွေကို လူငယ်တွေနဲ့ ဆွေးနွေးပြောဆိုပြီးတဲ့ အခါကျမှ လူငယ်တွေ သိချင်နေတဲ့ ကိုယ်ပိုင်အယူအဆ သဘောထားကို ပြောပြလိုက်ရ ပါတယ်။ ဒီလိုပါ။

သမ္မတဦးသိန်းစိန်အစိုးရဆိုတာ ရုတ်တရက် ချက်ချင်း အရပ်ဝတ်ပြောင်း ဝတ်ပြီး ဒီမိုကရေစီ လမ်းကြောင်းရောက်အောင် သွားမယ်လို့ ပြောတာဖြစ်လေ တော့ တစ်ဦးချင်းအနေနဲ့တော့ မယုံနိုင်သေးဘူး။ စောင့်ကြည့်အကဲခတ် ဦးမယ်။ ထောင်ထဲမှာ ကျန်ရစ်နေသူတွေအားလုံး ပြန်လွှတ်၊ မလွှတ် တိုင်းရင်းသားဒေသ

mgyoe.com

mgyoe.com


တွေက စစ်ပွဲတွေ ချက်ချင်းရပ်၊ မရပ် ပြည်သူလူထုအပေါ်မှာ ပိနေတဲ့ ဝန်ထုပ်ဝန်ပိုးတွေအားလုံး လျော့ကျအောင်လုပ်ပြီး ဆင်းရဲမွဲတေခြင်းမှ ကင်းဝေးအောင် လုပ်၊ မလုပ်ဆိုတဲ့ စံသုံးခုနဲ့ စောင့်ကြည့်ပါဦးမယ်။ ဒီသုံးခု ဆောင်ရွက်ပြီးတာနဲ့ ချက်ချင်းယုံပြီလို့ ဟစ်ကြွေးမှာပါ။

## စံသုံးစံညီတဲ့နေ့ကျမှ

ဒေါ်အောင်ဆန်းစုကြည်က ယုံလို့ ပုံအောပြီး တင်မယ်၊ ဝင်မယ် ပြောတာလည်း စောင့်ကြည့်နေပါဦးမယ်။ အထက်က ပြောခဲ့တဲ့ စံသုံးစံနဲ့ ညီတဲ့ နေ့ကျမှပဲ ဆုံးဖြတ်ပါတော့မယ်။

၅–၁၂–၂၀၁၁

■

mgyoe.com

mgyoe.com

## သတင်းတွေဟာ သမိုင်းစာအုပ်ကြီးရဲ့ ပထမမူကြမ်း ဖြစ်တယ်

ပြီးခဲ့တဲ့ အာဇာနည်နေ့မတိုင်မီ နှစ်ပတ်လောက်က ဂျာနယ်တိုက် တစ်ခုမှာ လုပ်တဲ့ လူငယ်လေးတစ်ယောက် ရောက်လာပါတယ်။ အာဇာနည်နေ့နဲ့ ပတ်သက်ပြီး ရှေးဟောင်းနှောင်းဖြစ်ကလေးတွေ ပြန်ပြောပြပေးပါ ဆိုပြီး အသံဖမ်းစက်ကလေးရှေ့မှာ လာချပါတယ်။ နေ့ကြီးရက်ကြီးတွေ တစ်ခုခု နီးလာတိုင်း သတင်းအလုပ်လုပ်ကြသူများ အခုလိုပဲ လုပ်ကြရတာ ဖြစ်တဲ့အတွက် လူငယ်လေး ရောက်လာတာကို နားလည်စာနာနိုင်ပါတယ်။ ကူလည်း ကူညီလိုက်ချင်ပါတယ်။

### ပြီးပြီးရောမပြောချင်

ဒါပေမဲ့ ဘယ်လိုကူညီနိုင်မှာလဲ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရချိန်မှာ ကိုယ်တိုင်က အသက် ၆ နှစ် ၇ နှစ် ရွယ်လောက်ရှိသေးတာ။ ဗိုလ်ချုပ်အောင်ဆန်းကို မြင်တောင် မြင်ဖူးလိုက်တာ မှတ်လို့။ ယေဘုယျသဘောနဲ့ နယ်ချဲ့အန္တရာယ် သတိထားဖို့အကြောင်း၊ အာဏာမက်လွန်းမှုကြောင့် ဦးစောဘဝ နိဂုံးမလှတဲ့အကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အရေးကြီးကြောင်း စတာတွေ ပြောလိုက်ရင်တော့ ဖြစ်ပါတယ်။ ဒါပေမဲ့ ဖတ်ရတာ "ပေါ့ရွှတ်ရွှတ်"နဲ့လို့ စာဖတ်ပရိသတ်က ပြောမှာပေါ့။ အဲဒီလို ပြီးပြီးရောတော့ မပြောလိုက်ချင်ဘူး။ စကားပြောတာဖြစ်ဖြစ်၊ စာရေးတာဖြစ်ဖြစ်၊ နားထောင်သူ စာဖတ်သူအတွက် တစ်ခုခုတော့ ခေါင်းထဲရင်ထဲမှာ ကျန်ရစ်နေတာမျိုးဖြစ်မှ ကောင်းပါတယ်။

mgyoe.com

mgyoe.com


## ဗိုလ်ချုပ်ရဲ့ ရုပ်ပုံလွှာ ရေးခဲ့သူ

နောက်ပြီးတော့ အခုအချိန်မှာ ဗိုလ်ချုပ်တို့ကို ကောင်းကောင်း မိခဲ့ သိခဲ့တဲ့ အသက် ၈၀ တန်း လူကြီးတွေ သက်ရှိထင်ရှား ရှိနေကြပါသေးတယ်။ အနီးစပ်ဆုံးဖြစ်တဲ့ စာနယ်ဇင်းလောကမှာတောင် ရှိပါသေးတယ်၊ ဆရာဒဂုန် တာရာဆိုရင် တက္ကသိုလ်ကျောင်းသားဘဝမှာ ကတည်းက ကျောင်းသားခေါင်း ဆောင် ကိုအောင်ဆန်းနဲ့ သိကျွမ်းခဲ့ရုံမက သခင်အောင်ဆန်းဘဝ၊ ဂျပန်ခေတ် ဗိုလ်ချုပ်အောင်ဆန်းဘဝတို့မှာလည်း ရင်းရင်းနှီးနှီး နေထိုင်ခဲ့ကြသူများ ဖြစ်ပါ တယ်။ ဗိုလ်ချုပ်ရဲ့ "ရုပ်ပုံလွှာ" တစ်စိတ်တစ်ပိုင်းကိုတောင် ရေးသားခဲ့ပါသေး တယ်။ ဆရာဒဂုန်တာရာဟာ အသက် ၉၀ တောင် နီးနေပြီ ဖြစ်ပေမဲ့ ကျန်းကျန်းမာမာနဲ့ ပြောနိုင်တုန်း ရေးနိုင်တုန်း ဖြစ်ပါတယ်။

## လုပ်ကြံမှုကြီးကို မျက်ဝါးထင်ထင် မြင်ရသူ

သတင်းစာလောကထဲက ဆိုရင်လည်း အသက် ၈၀ တန်း ရောက်နေပြီ ဖြစ်တဲ့ သတင်းစာဆရာကြီး မြန်မာ့အလင်း ဦးသန်းညွှန့် ရှိပါတယ်။ အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရချိန်မှာ လုပ်ကြံခံရတဲ့ နေရာနားမှာတင် ရှိနေ ခဲ့တာဖြစ်လို့ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသူ ဖြစ်ပါတယ်။ အဲဒီအကြောင်းကို အခါအခွင့်သင့်တိုင်း ပြောပြ၊ ရေးပြလေ့ ရှိပါတယ်။ ဆရာဒဂုန်တာရာလို၊ ဆရာ မြန်မာ့အလင်း ဦးသန့်ညွှန့်လို ပြောနိုင်စွမ်း ရေးနိုင်စွမ်းရှိသူများ ကျန်းကျန်း မာမာနဲ့ ပြောနိုင်ရေးနိုင်တုန်း အချိန်မှာ သေသေချာချာ မေးမြန်းမှတ်တမ်း တင်ထားဖို့ ကောင်းပါတယ်။

## နတ်လမ်းညွှန်လုပ်

အာဇာနည်နေ့အကြောင်း လာမေးတဲ့ လူငယ်လေးကိုလည်း ကိုယ်တိုင် သိ၊ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများ ရှိနေချိန်မှာ အဲဒီလို ပုဂ္ဂိုလ်ကြီးများဆီသာ သွားရောက်မေးမြန်းသင့်တဲ့အကြောင်း။ ဒါမှ သတင်း၊ အင်တာဗျူး၊ ဆောင်းပါး ဟာ ခိုင်မာပြီး တန်ဖိုးရှိကြောင်း ရှင်းပြပြီး အောင်ပန်းနေ ဆရာဒဂုန်တာရာ နဲ့ ရန်ကုန်နေ ဆရာဦးသန်းညွှန့်တို့ဆီ နတ်လမ်းညွှန် လုပ်လိုက်ရပါတယ်။ ကျွန်တော်တို့လို တစ်ဆင့်ကြား၊ တစ်ဆင့်သိ လူမျိုးက ပြောပြတာဟာ ခိုင်မာမှု ဘယ်ရှိမှာလဲ။ သတင်းတန်ဖိုးလည်း လျော့နည်းပါတယ်။ အယ်ဒီတာကောင်း

mgyoe.com

mgyoe.com


တစ်ယောက်ဟာ ဒီလို ခိုင်မာမှုအားနည်း၊ သတင်းတန်ဖိုးလည်း လျော့နည်းတဲ့ သတင်းမျိုးကို ဘယ်တော့မှသုံးမှာ မဟုတ်ပါဘူး။

## ကိုယ်တိုင်မြင်မှုစိတ်ချရ

သတင်းဆိုတာ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်သိတာကို ရေးမှ ခိုင်မာစိတ်ချရပါတယ်။ ခိုင်မာစိတ်ချရမှ တန်ဖိုးရှိပါတယ်။ ဒါပေမဲ့လို့ သတင်းတိုင်း ကိုယ်တိုင်မြင်၊ ကိုယ်တိုင်သိဖြစ်ဖို့ ခဲယဉ်းပါတယ်။ အဲဒီတော့ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်သိသူကို တွေ့အောင်ရှာပြီး တစ်ဆင့်ခံ မေးမြန်းမှတ်သားရပါတယ်။ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်သိလောက် ခိုင်မာမှု စိတ်မချရပေမဲ့ ဒုတိယလူဆီကမှ တစ်ဆင့်ပြန်သိရတဲ့ တတိယလူဆီက ထပ်ဆင့်ရတဲ့ သတင်းထက်တော့ ယုံကြည်နိုင်လောက်တယ်လို့ ယူဆပြီး မလွှဲမရှောင်သာ သုံးကြရပါတယ်။

## ပေါ်ပင်အင်တာဗျူးတွေ

"မလွှဲမရှောင်သာမှ" ဆိုတဲ့ စကားကို အလေးအနက်ထားကြစေချင်တယ်။ ဖြစ်နိုင်သမျှတော့ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်သိ ဖြစ်အောင် ကြိုးစားရပါမယ်။ အထက်မှာ ဆိုခဲ့တဲ့အတိုင်း ဆရာဒဂုန်တာရာလို ဆရာဦးသန့်ညွန့်လို ပုဂ္ဂိုလ်တွေ ရှိနေပါလျက်နဲ့ တတိယလူဖြစ်တဲ့ ကျွန်တော်တို့ဆီ လာမမေးသင့်ပါဘူး။ ခုတစ်လော ဂျာနယ်မဂ္ဂဇင်းတိုင်းလိုလိုမှာ အင်တာဗျူးလို့ခေါ်တဲ့ "လူတွေ့မေး" အစီအစဉ် "ပေါ်ပင်" ဖြစ်နေပါတယ်။ ကြော်ငြာနဲ့ သီချင်းခွေလောက်သာ ရိုက်ဖူးသေးတဲ့ မော်ဒယ်မလေးကိုသွားပြီး မြန်မာရုပ်ရှင် အဆင့်အတန်းမြင့်အောင် ဘာလုပ်သင့်တယ် ထင်သလဲဆိုတဲ့ မေးခွန်းမျိုး မေးတာ တွေ့ဖူးဖတ်ဖူးပါတယ်။ ဒါထက်တောင် ဆိုးတာက အငြိမ်းစား ပါမောက္ခကြီး တစ်ဦးဆီကို ပေါင်ပေါ်ဒူးပေါ် စကတ်တိုနန့်နန့်လေး ဝတ်ထားတဲ့ 'ဂျာနယ်လစ်' မလေးတစ်ဦးက ပညာရပ်ဆိုင်ရာကိစ္စတွေ သွားပြီး မေးတာမျိုးပါပဲ။ မေးလေ့ရှိတဲ့ မေးခွန်းမျိုးလည်း ကြည့်ပါဦး။ တွေ့ဆုံတဲ့သူက ရူပဗေဒ ပါမောက္ခကြီးဆိုပါတော့။

"ရူပဗေဒဆိုတာ ဘာတွေသင်တာပါလဲ ဆရာကြီးရှင့်"တဲ့လေ။ ဒါ ရူပဗေဒ ပါမောက္ခကြီး တစ်ယောက်ကို မေးရမယ့် မေးခွန်းလား။ ၉ တန်းကျောင်းသားလေး တစ်ယောက်ကို မေးလိုက်ရင်တောင် သိနိုင်တာမျိုး မဟုတ်ဘူးလား။

mgyoe.com

mgyoe.com


## ခေါင်းထုလိုက်ချင်တယ်

တစ်ခါကလည်း တံတားဖွင့်ပွဲတစ်ခုအကြောင်း ရေးတဲ့ အင်တာဗျူးမှာ သတင်းထောက်လား၊ မော်ဒယ်လား ခွဲခြားရ တော်တော်ခက်တဲ့ မိန်းကလေး တစ်ဦးက တံတားဆောက်တဲ့ အင်ဂျင်နီယာကြီးကို…

"ဒီတံတားကြီး ဘာလုပ်ဖို့ ဆောက်တာလဲရှင့်"လို့ မေးတာဖတ်ပြီး စိတ်ထဲမှာ ယားကျိကျိ ဖြစ်သွားပါတယ်။ ကိုယ်တိုင်သာ အဲဒီ အင်ဂျင်နီယာကြီး နေရာမှာရှိနေရင် မိန်းကလေးခေါင်းကို နာနာလေးထုပြီး…

"တံတားဆောက်တာ လူတွေ၊ ကားတွေကူးဖို့ပေါ့ဟဲ့"လို့ ဖြေကြားမိ မလားတောင် မသိပါဘူး။

သတင်းယူတဲ့ သတင်းထောက်ကို "ယုံကြည်လေးစားမှု" ရှိမှ သတင်း ပေးသူက ပေးချင်ပါတယ်။ ဒီကိစ္စမှာ အယ်ဒီတာတွေမှာ အဓိကတာဝန် ရှိပါ တယ်။ အငြိမ်းစားပါမောက္ခကြီး တစ်ယောက်ဆီကို "ပေါင်ပေါ်ဒူးပေါ်" မော်ဒယ် ဂဲလ်ကို လွှတ်လိုက်တာဟာ ပါမောက္ခကြီးကို မလေးမစားပြုရာ ရောက်ပါတယ်။ ချိတ်ထဘီဝတ် ပဝါစွယ်စုံချပြီး သွားရမယ်လို့ မဆိုလိုပါဘူး။ ပါမောက္ခကြီးရဲ့ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိကို ထောက်ထားပြီး ဣန္ဒြေသိက္ခာရှိရှိ၊ လုံလုံခြုံခြုံလေးတော့ ဝတ်စားသွားသင့်တာပေါ့။ ပြီးတော့ တွေ့ဆုံတဲ့ လူပုဂ္ဂိုလ်ကိုလိုက်ပြီး မေးခွန်း မေးတတ်ဖို့လည်း လိုပါတယ်။ သူများက တမင်တကာ ပါစေချင်လို့ ပေးတဲ့ သတင်းမျိုး ပြန်ရေးတတ်ရုံနဲ့ သတင်းထောက် မဖြစ်နိုင်ပါဘူး။

## သတင်းဆိုတာ သမိုင်းရဲ့ ပထမမူကြမ်းပဲ

သတင်းသမားကောင်း မှန်ရင် ဘယ်လောက်ပဲ ပင်ပန်းခက်ခဲပါစေ၊ သတင်းဇာစ်မြစ်ရှိရာကို "ရေဆုံးရေဖျား" ဇာစ်မြစ်အထိလိုက်ပြီး "လက်ကုန်နှိုက်" ရပါတယ်။ "သတင်းတွေဟာ သမိုင်းစာအုပ်ကြီးရဲ့ ပထမမူကြမ်း ဖြစ်တယ်" ဆိုတဲ့ ဆိုရိုးစကား ရှိပါတယ်။ ဒါကြောင့် သတင်းကို ပေါ့ပေါ့ဆဆ ပြီးစလွယ် မရေးသင့်ပါဘူး။ နိုင်ငံတစ်ခု လူမျိုးတစ်မျိုးအတွက် အရေးကြီးတဲ့ မှတ်တမ်း မှတ်ရာ ဖြစ်တာနဲ့အညီ တိကျခိုင်မာရေးကို အထူး ဂရုစိုက်ရပါမယ်။ တာဝန်သိ ပြည်သူပြည်သားများ၊ ပြည်သူ့ဝန်ထမ်းများကလည်း မိမိတို့နိုင်ငံနဲ့ လူမျိုးရဲ့ သမိုင်းမှာ အမှားအယွင်း အတိမ်းအစောင်း မရှိစေဖို့အတွက် တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီဖို့ လိုပါတယ်။

mgyoe.com

mgyoe.com


## တာဝန်သိသိ တက်ညီလက်ညီ

ဒီလို ကူညီခြင်းဟာ "စတုတ္ထမဏ္ဍိုင်"ကြီးကို ခိုင်မာသထက် ခိုင်မာအောင် စိုက်ထူပေးနေခြင်း ဖြစ်ပါတယ်။ စတုတ္ထမဏ္ဍိုင် အားကောင်းခိုင်မာမှ ၊ ဖြောင့်ဖြောင့်မတ်မတ် တည်ရှိနေမှ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးဟာ စွမ်းအားရှိသလောက် တိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်တယ်။ ပြည်သူပြည်သားနဲ့ ပြည်သူ့ဝန်ထမ်းများကတစ်ဖက်၊ သတင်းသမားများကတစ်ဖက်၊ တာဝန်သိစိတ် အပြည့်အဝနဲ့၊ နိုင်ငံတာဝန်ကို တက်ညီလက်ညီ "ဦးပဲ့" ထမ်းသွားကြရင်ဖြင့် အဲဒီနိုင်ငံဟာ စည်စည်ပင်ပင် မရှိဘဲ နေကိုမနေပါဘူးလို့ ပြောလိုက်ရပါစေတော့။

၂၅-၈-၂၀၀၈

■

mgyoe.com

mg.yoe.com

## ဝိဝိနဲ့အတွဲ ဆိုတဲ့ မြန်မာစကားသံတွေ

သံရုံးဝန်ထမ်းအဖြစ်က အငြိမ်းစားယူထားသူ အမျိုးသမီးစာဖတ်ပရိသတ် တစ်ဦး ဖုန်းဆက်ပြီး အမြင်မလျော်၊ အကြားမတော်တာ တချို့ကို ဖွင့်ဟ ပြောကြားလာပါတယ်။ ရေဒီယိုတွေနဲ့ ရုပ်မြင်သံကြား အစီအစဉ်တွေမှာ မှားယွင်း ဘာသာပြန်တာတွေနဲ့ မြန်မာစကားကို မပီကလာပီကလာနဲ့ တမင်လုပ်ပြောနေ ကြတဲ့ အကြောင်းတွေကို ပြောသွားတာ ဖြစ်ပါတယ်။

### တမင်လုပ်ပြောတာ

ဘာသာပြန်မှား နမူနာအဖြစ် ချက်နည်းပြုတ်နည်း အစီအစဉ် တစ်ခု မှာ "artichoke" ဆိုတဲ့ စကားလုံးကို "ပဲပိုးတီ" လို့ ဘာသာပြန်ထားတာကို ထောက်ပြပါတယ်။ အဲဒီ "အာတီချုတ်" ဆိုတာက "ပဲပိုးတီ" လုံးဝ မဟုတ်ပါ ဘူး။ ဒေစီပန်းမျိုးနွယ်ဝင် အပင်ရှည်တစ်မျိုး ဖြစ်ပါတယ်။ အပင်နဲ့အရွက်ကို ဆေးဖက်ဝင်အဖြစ် စားသုံးတတ်ကြပါတယ်။ တခြား မှားတာတွေလည်း အများ ကြီး ရှိသေးတယ်လို့ ပြောပါတယ်။ မြန်မာစကားကို မပီကလာပီကလာနဲ့ တမင်လုပ်ပြောတာကိုတော့ "အတွဲ့" ဆိုတာကို နမူနာပြပါတယ်။ သူ့အတွက် ငါ့အတွက်ဆိုတဲ့ စကားကို "သူ့အတွဲ့၊ ငါ့အတွဲ့" လို့ ပြောကြတော့ အစပိုင်း မှာ ဘာပြောနေမှန်း မသိဘူး၊ နောက်ကြားရဖန်များတော့မှ "အတွက်" ကို ပြောတာ ဖြစ်ကြောင်း သိရတယ်လို့ ပြောပြပါတယ်။ စာဖတ်ပရိသတ်ဆီက ခုလိုပြောမှပဲ ဒီကိစ္စလည်း ရေးဖို့လိုနေပြန်ပြီလို့ သတိရလိုက်မိပါတယ်။ အရင် ကလည်း ရေးဖူးပါတယ်။ လေးငါးဆယ်နှစ် ကြာပြီဆိုတော့ ထပ်ရေးသင့်နေပြီ ပေါ့လေ။

mgyoe.com

mgyoe.com


## စစ်ကြိုခေတ်တဲ့

စာဖတ်သူ အမျိုးသမီးပြောသလို ကိုယ်တိုင်လည်း ဒီလို အသံတွေ "နားကလော" နေတာ ကြာပါပြီ။ ရုပ်ရှင်တွေထဲ၊ ရုပ်မြင်သံကြားတွေထဲ၊ ရေဒီ ယိုတွေထဲ ဒီလို တမင်လုပ်ပြီး ပြောကြရင်းက မြန်မာစကားတွေ ပျက်သွားရ တာ တော်တော်များပါပြီ။ "စစ်ကြိုခေတ်" ဆိုတဲ့စကားကိုကြည့်။ စစ်ဆိုတာ ကြိုရမယ့်အရာမှ မဟုတ်တာ။ ထောထုတ်ပစ်ရမယ့် စက်ဆုပ်ဖွယ်ရာကိစ္စပါ။ မြို့ကြီးသားတွေက ခရစ္စမတ်အကြိုညဆိုတဲ့ စကားကို တုပြီး သုံးလိုက်တာလို့ ထင်တယ်။ ခရစ္စမတ်ဆိုတာက မင်္ဂလာရှိတဲ့ အခါသမယလေ။ ဝမ်းမြောက်ဝမ်း သာ ကြိုဆိုကြရမှာပါ။ ရှေးကတော့ "စစ်မဖြစ်မီ"ကလို့ သုံးတဲ့အခါသုံး "အခါ မပျက်ခင်က" လို့ သုံးတဲ့အခါ သုံးကြပါတယ်။ ဘယ်အချိန်မှာ ဘယ်သူက "စစ်ကြိုခေတ်"လို့ စသုံးလိုက်တယ်ဆိုတာ မသိပါဘူး။ ခုတော့ ဒီအသုံးက အတည်ဖြစ်နေပြီ။ ပြင်လို့မရတော့ဘူး။ "မောင်နှမချင်းခေါ်တဲ့ နှမ"ဆိုတဲ့ စကားအစား "ညီမလေး"လို့ခေါ်တာ။ "ယောက္ခထီး"လို့ ခေါ်တာတွေလည်း အတည်ဖြစ်သွားပြီ။ ပြင်လို့မရတော့ဘူး။ တတိတိနဲ့ ဒီလိုပျက်ရာက ကြာရင် အများကြီး ဖြစ်သွားမှာ စိုးရပါတယ်။

## မီဒီယာဆိုတာ ခပ်ပေါ့ပေါ့မဟုတ်

လူအများအတွက် အလုပ်လုပ်ကြရတဲ့ မီဒီယာ လုပ်ငန်းဝေ့ဟာ ခပ် ပေါ့ပေါ့ လုပ်ရမယ့်အလုပ်မျိုး မဟုတ်ပါဘူး။ လူအများကို သတင်းပေးသလို ပညာပေးနိုင်တဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ ငယ်စဉ်ကဆို စာရေးနေရင်း သတ်ပုံမသေချာရင် သတင်းစာ လှန်ကြည့်လိုက်တာပါပဲ။ သတင်းစာထဲက သတ်ပုံဟာ အမှန်ဆုံးလို့ ယုံကြည်ထားတယ်လေ။ အလားတူပဲ အင်္ဂလိပ်စကား သံ၊ အမေရိကန်ပြော အင်္ဂလိပ်စကားသံဆိုတဲ့ အသံထွက်မှန်တွေ သိဖို့လည်း ဘီဘီစီတို့ ဗီအိုအေတို့လို မူရင်းလူမျိုးတို့ရဲ့ ရေဒီယို အသံလွှင့်ချက်တွေကို လိုက်ပြီး နားထောင်မှတ်သားရပါတယ်။ အပြည့်အဝမှန်တယ်လို့ ယုံကြည် စိတ်ချခဲ့ပါတယ်။ ဒါပေမဲ့ ခုခေတ်မှာတော့ ပြည်တွင်းမီဒီယာတွေဆိုတာ မပြောနဲ့၊ သက်တမ်းရှည်ကြာလှပြီဖြစ်တဲ့ ပြည်ပမီဒီယာတွေကတောင် အလုပ်ကို ခပ်ပေါ့ပေါ့ လုပ်လာကြတာမျိုးတွေကို မနည်းကြီး သည်းခံနေရတယ်။

mgyoe.com

mgyoe.com


## မနဲ့လေးသံနဲ့ အသံလွှင့်သူ

ဘယ်လိုဟာမျိုးတွေလဲ ဆိုတော့ "ကြီးကောင်ငင်သံ" တောင် မပျောက်သေးတဲ့ ကလေးမလေးတွေကို သတင်းကြေညာခိုင်းတာ၊ စကားမပီတဲ့သူ၊ သနဲ့ တနဲ့ ဆကို ကွဲအောင် မပြောတတ်သူကို သတင်းကြေညာသူအဖြစ် တာဝန်ပေးတာ၊ ယောက်ျားရင့်မကြီး ဖြစ်ပါလျက်နဲ့ မနဲ့လေးအသံ ဖြစ်နေသူကို သတင်းကြေညာခိုင်းတာ။ လေယူလေသိမ်း၊ အဖြတ်အတောက်၊ ဌာန်ကရိုဏ်းဆိုတာတွေ ဘာမှမသိဘဲနဲ့ ပြောချင်သလိုပြော၊ ကြေညာချင်သလို ကြေညာနေကြတာမျိုးတွေ ဖြစ်တယ်။ ရှေးကများ ပြည်ပအသံလွှင့် ဌာနကြီးတွေ မပြောနဲ့ မြန်မာ့အသံကတောင် အသံတွေ ဌာန်ပေွကို သေသေချာချာ စစ်ဆေးပြီး ရာနှုန်းပြည့်ကို "တန်းဝင်"တဲ့ အသံဖြစ်မှ ရွေးတာ။ ရွေးပြီး ချက်ချင်း အသံလွှင့်ခိုင်းတာ မဟုတ်ဘူး။ လပေါင်းများစွာ လေ့ကျင့်သင်ကြားပေးသေးတာ။ သင်ကြားပြီးရင်တောင် သတင်းလွှင့်ရတာ မဟုတ်ဘူး။ သတင်းလောက် အရေးမကြီးတဲ့ တခြားအစီအစဉ်တွေမှာ အကြာကြီး လုပ်နေရသေးတာ။ သတင်းလွှင့်သူ တစ်ယောက်ဖြစ်ဖို့ လွယ်တာမဟုတ်ဘူး။ အကြာကြီး လေ့ကျင့်ပြီးမှ လုပ်ခွင့်ရတာ။

## စကားပြန်လိုတဲ့ မြန်မာစကား

တစ်လောက ပြီးသွားတဲ့ မြန်မာဘောလုံးလောကရဲ့ ပထမဆုံး ကြေးစားဘောလုံးခေတ်ရဲ့ ဗိုလ်လုပွဲကို သမီးက ထိုင်ကြည့်နေလို့ စာရေးစားပွဲက အသံတွေ ကြားနေရပါတယ်။ မန္တလေးသင်းဆိုကဲ့ အစွဲကလည်း ရှိတော့ စာရေးရင်းနားစွင့်ထားပါတယ်။ ရတနာပုံဆိုတာနဲ့ ရန်ကုန်ဆိုတာကို အသံလွှင့်တဲ့သူက စကားလုံးကွဲအောင် မပြောနိုင်တော့ ရောထွေးပြီး ကြားနေရတယ်။ ဂိုးသွင်းတဲ့အသံ ကြားတော့ ရန်ကုန်က သွင်းတာလား၊ ရတနာပုံက သွင်းတာလား ဆိုတာ ကွဲပြားအောင် မကြားရဘူး။ ဒီတော့ တီဗီရှေ့မှာ ထိုင်ကြည့်နေသူကို လှမ်းမေးရတယ်။ မြန်မာလို အသံလွှင့်တာကိုပဲ စကားပြန်နဲ့မှ နားလည်တယ်ဆိုတာတော့ မနိပ်သေးပါဘူး။ ခေတ်စကားနဲ့ ပြောရင်တော့ မမိုက်ပါဘူးလို့ ပြောရမှာပေါ့။ နောက် ပုဆိုးကြော်ငြာတစ်ခု ရှိသေးတယ်။ နောက်ခံ သီချင်းထဲမှာ "ဝိ" "ဝိ"လို့ပဲ ကြားနေတော့ ဘာမှန်းမသိလို့ သေသေချာချာ ထိုင်ကြည့်ပြီး နားထောင်ရတယ်။ အဲဒီတော့မှ "ဝတ်" "ဝတ်" ဆိုတာကို ပြောနေတာကိုးလို့ သိလိုက်ရတယ်။ မမိုက်ပါဘူး။

mgyoe.com

mgyoe.com


## မတိဘူး မတွားဘူး

ရုပ်မြင်သံကြား အစီအစဉ်တွေ ရေဒီယိုလိုင်းတွေ တိုးလာတာ အင်မတန်ကောင်းတယ်။ ဝမ်းသာအားရ ကြိုဆိုပါတယ်။ ဒါပေမဲ့ ကျောင်းသားဘဝမှာ အပျော်တမ်း ဇာတ်ကသလို နံရံကပ်စာစောင်ထုတ်သလို မလုပ်ကြစေချင်ဘူး။ မီဒီယာတွေကို စောင့်ကြည့်၊ စောင့်ဖတ်၊ စောင့်နားထောင် လုပ်ကြသူတွေက ကျောင်းသူကျောင်းသားလေးတွေချည့် မဟုတ်ကြတော့ဘူး။ ကလေးတွေပါသလို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေ၊ ရဟန်းသံဃာတွေ စသဖြင့် လူမျိုးစုံပါကြတယ်။ ရုပ်မြင်သံကြားက၊ ရေဒီယိုကနေပြီး "အတွဲ့အတွဲ့"နဲ့ လုပ်နေလို့မဖြစ်သလို "ကိုယ်တွေက" "ကိုယ်တွေက" ဆိုတာမျိုးတွေလည်း လုပ်လို့မဖြစ်ပါဘူး။ "မတိဘူး၊ မတွားဘူး" ဆိုတဲ့အသံတွေ ကလေးတွေဆီ ကူးစက်ကုန်ရင် မခက်ပါလား။ ကိုရီးယားကားတွေထဲမှာ "ဘယ်ကသာ ဟုတ်ရမှာလဲ" ဆိုတဲ့ စာတန်းထိုးတာ တွေ့မိတော့ စာစီသမားက လာနဲ့သာ မှားတာလို့ပဲထင်မိတယ်။ နောက်ထပ် နှစ်ကြိမ်သုံးကြိမ် ထပ်တွေ့တော့မှ စာစီသမား မှားတာမဟုတ်ဘဲ "ဘာသာပြန်သူ" က မှားနေတာပဲလို့ သိလိုက်ရပါတယ်။ ဘာသာပြန်သူ ကိုယ်တိုင်က မြန်မာစကားပီပီသသ မပြောတတ်သူဖြစ်ပုံ ရပါတယ်။

## ကျွမ်းကျင်သူဖြစ်ဖို့လို

မီဒီယာလုပ်ငန်းဆိုတာ တစ်နိုင်ငံလုံး၊ လူမျိုးတစ်မျိုးလုံးနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းမျိုး ဖြစ်တယ်။ မိသားစုအိမ်တွင်း ရှောက်သီးဆေးပြား လုပ်တဲ့လုပ်ငန်းမျိုး လုပ်သလို လုပ်လို့မဖြစ်ပါဘူး။ အင်မတန် အရေးကြီးတဲ့ လုပ်ငန်းကြီးဖြစ်တဲ့အလျောက် ပါဝင်လုပ်ကိုင်သူ မှန်သမျှဟာ ကျွမ်းကျင်တဲ့ ပရော်ဖက်ရှင်နယ် ပီသတဲ့သူတွေဖြစ်စဲဖို့ အထူးလိုအပ်ပါတယ်။ ကြော်ငြာပဲ၊ သီချင်းပဲ၊ ထမင်းဟင်းချက်တဲ့ ကဏ္ဍပဲ။ လက်ဖွေ့ကဏ္ဍပဲ ဆိုပြီး ပေါ့ပျက်ပျက် မလုပ်အပ်ပါဘူး။ သတင်းကြေညာသူနီးပါး ကျွမ်းကျင်သူတွေသာ ဖြစ်ရပါမယ်။ ကျွမ်းကျင်သူ မဖြစ်မချင်း လေ့ကျင့်သင်ကြားပေးပြီး စိတ်ချရပြီဆိုမှ လူ့ရှေ့သူရှေ့ ပွဲထုတ်သင့်ပါတယ်။ ပေါ့ပျက်ပျက် သဘောထားပြီး ပြီးလွယ်စီးလွယ်နဲ့ လုပ်ငန်းအကြောင်း ဘာမှနားမလည်တဲ့ မော်ဒယ်ဂဲခေါ်ပြီး ပရိသတ်ရှေ့ ပွဲထုတ်ခြင်းဆိုတာ ပရိသတ်ကို မထေမဲ့မြင်ပြုရာ ရောက်ပါတယ်။

mgyoe.com

mgyoe.com


## စိတ်နဲ့တောင် မပြစ်မှားနဲ့

ပရိသတ်ကို မထေမဲ့မြင်ပြုပြီး "ငါ့စင်ပေါ်မှာ ငါကချင်သလို ကမယ်၊ ငါလုပ်ချင်တာလုပ်မယ်၊ ဘယ်သူ့မှ ဂရုစိုက်စရာ မလိုဘူး" ဆိုတဲ့ လူမျိုးဟာ "ခွေးရူးကောင်းစား တစ်မွန်းတည့်"ဆိုတဲ့ စကားအတိုင်း ကြာကြာမခံဘူး ဆိုတာ သတိချပ်သင့်တယ်။ ပရိသတ်ကို ဂရုမစိုက်သူကို ပရိသတ်ကလည်း ဂရုစိုက်မှာ မဟုတ်ပါဘူး။ မီဒီယာသမားတို့ရဲ့အသက်ဟာ ပရိသတ်ပါ။ ပရိသတ်က ကျောခိုင်း စွန့်ပစ်လိုက်ရင် ဘယ်လိုမီဒီယာမျိုးမှ သက်ဆိုးမရှည်ပါဘူး။ ဒါကြောင့် မီဒီယာသမားမှန်ရင် ပရိသတ်ကို ရိုသေရပါတယ်။ လေးစားရပါတယ်။ ငါပိုင်တဲ့စင်က ငါလုပ်ချင်တာ လုပ်မယ်ဆိုတဲ့ ပရိသတ်ကို စော်ကားတဲ့ အပြုအမူမျိုး လုံးဝမလုပ်ရပါဘူး။ အဲဒါကြောင့် "ပရိသတ်ကို စိတ်ထဲက နည်းနည်းလေးတောင်မှ မပြစ်မှားပါနဲ့" လို့ မီဒီယာသမားတွေကို ပြောလိုက်ချင်ပါတယ်။

၃၁-၈-၂၀၀၉

■

mgyoe.com

mgyoe.com



## စတုတ္ထမဏ္ဍိုင် ပီသဖို့ပဲ အရေးကြီးတယ်

အခုတစ်လောမှာ စာအုပ်ဈေးကွက် အခြေအနေ မကောင်းတဲ့ အကြောင်း စာပေနယ်ပယ်နဲ့ ဆက်စပ်မှု ရှိနေကြသူတိုင်း ပြောဆိုဆွေးနွေးနေကြတာများ ကြားနေရတယ်။ ဂျာနယ်မဂ္ဂဇင်းတွေမှာလည်း ဖတ်နေရတယ်။ ဒီကိစ္စက မြန်မာပြည်မှာမှ ဖြစ်နေတာ မဟုတ်ပါဘူး။ ကမ္ဘာတစ်ခုလုံးမှာကို ကြုံတွေ့နေရတာ ဖြစ်တယ်။ စာနယ်ဇင်းဆိုတဲ့ ပုံနှိပ်မီဒီယာ နိဂုံးချုပ်ပြီလား (Is print media dead?) လို့တောင် ပြောဆိုနေကြတဲ့အထိ ဖြစ်နေတယ်။

### နိဂုံးရဲ့နိဒါန်းလား

နိုင်ငံတကာမှာ အင်တာနက်ရဲ့ စွမ်းဆောင်နိုင်မှု သိပ်ကြီးမားပြီး သုံးစွဲသူများအတွက်လည်း အင်မတန်အဆင်ပြေ (user friendly) ဖြစ်လေတော့ လူများစုက ကွန်ပျူတာကို ပိုပြီး နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲလာကြတယ်။ အသိဉာဏ်ပညာအတွက်ပဲဖြစ်ဖြစ်၊ အလုပ်ကိစ္စအတွက်ပဲဖြစ်ဖြစ်၊ ဖျော်ဖြေရေးအတွက်ပဲဖြစ်ဖြစ်၊ ကွန်ပျူတာတစ်လုံးရှိရင် ဘာမဆို အကုန်လုပ်နိုင်နေလေတော့ နှစ်ဆယ့်တစ်ရာစု လူသားအတွက် ကွန်ပျူတာဟာ အဆောင်အယောင်တစ်ခုသက်သက် မဟုတ်တော့ဘူး၊ မရှိမဖြစ် လိုအပ်တဲ့ပစ္စည်း ဖြစ်နေပြီ။ ကမ္ဘာတစ်ဝှမ်းလုံးက ကိုယ်ဖတ်ချင်တဲ့ သတင်းစာတွေ၊ စာအုပ်စာစောင်တွေ ဖတ်နိုင်သလို ကိုယ်နှစ်သက်တဲ့ အားကစား၊ ဂီတ၊ ရုပ်ရှင် ဆိုတာတွေလည်း အချိန်မရွေး ကြည့်ရှုနိုင်၊ နားထောင်နိုင်လေတော့ သတင်းစာနဲ့ ဂျာနယ်မဂ္ဂဇင်းတွေကို တချို့က မဖတ်ကြတော့ဘူး။ အဲဒီတော့ စာနယ်ဇင်းတွေ စောင်ရေလျော့ကျကုန်ကြတယ်။

mgyoe.com

mgyoe.com


အခြေအနေ တော်တော်ကို ဆိုးလာတယ်။ ရပ်တဲ့ စာစောင်တွေလည်း ရပ်ကုန်ကြတယ်။ အဲဒါကြောင့် စာနယ်ဇင်းလောကသားတွေကြား ပြောဆိုဆွေးနွေးမှုတွေ လုပ်လာကြတယ်။ တချို့က ပုံနှိပ်မီဒီယာ နိဂုံးချုပ်ဖို့ မဝေးတော့ဘူး။ အခုအချိန်က နိဂုံးရဲ့နိဒါန်း (The begining of the end) ဖြစ်တယ်လို့တောင် ကောက်ချက်ချလာကြတယ်။

## ယုံကြည်မှုပျောက်ဆုံးတာ

တချို့ကတော့ စာနယ်ဇင်းတွေဟာ သူတို့ရဲ့ မူလတာဝန်ဖြစ်တဲ့ စတုတ္ထမဏ္ဍိုင် တာဝန် ထမ်းဆောင်မှု လျော့တိလျော့ရဲ ဖြစ်ရုံသာမကတော့ လုံးလုံးကို ပျက်ကွက်လာတာကြောင့် စာဖတ်ပရိသတ်ရဲ့ ယုံကြည်မှု (Trust) ပျောက်ဆုံးသွားတဲ့ဒဏ် ခံရတာ ဖြစ်တယ်။ နှစ်ဆယ်ရာစု အလယ်ပိုင်းကာလလောက်က စပြီး စာနယ်ဇင်း လုပ်ငန်းကို စီးပွားရေးလုပ်ငန်းကြီးများသဖွယ် အသွင်ပြောင်းပြီး ကြော်ငြာခ ပိုက်ဆံများများရဖို့ အဓိကထား လုပ်ဆောင်ခဲ့ကြတယ်။ နောက်ဆုံးမှာ စာနယ်ဇင်းများရဲ့ အသက်ဟာ စာဖတ်ပရိသတ် မဟုတ်တော့ဘဲ ကြော်ငြာရှင် စီးပွားရေးသမားများ ဖြစ်သွားကြတယ်။ စာနယ်ဇင်းတွေက စာဖတ်ပရိသတ် မျက်နှာကို မကြည့်တော့ဘဲ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ အကြိုက်ကိုသာ မျက်နှာချိုသွေးပြီး လုပ်ဆောင်ကြတယ်။ စာနယ်ဇင်းတွေကို ကြော်ငြာရှင်တွေအကြိုက် လိုက်လုပ်ရင်း လုပ်ရင်းနဲ့ ထုတ်လုပ်မှုစရိတ်တွေ မတန်တဆကြီးမြင့်လာကြတယ်။ စီးပွားရေးသမားတွေမှာ စီးပွားပျက်ကပ် ကြုံရတဲ့ အခါမျိုးတွေကျတော့ ရှေးကလို ကြော်ငြာတွေ များများ မထည့်နိုင်ကြတော့ဘူး။ ဒီတော့ တစ်နွယ်ငင်တစ်စင်ပါ ဆိုတဲ့အတိုင်း စာနယ်ဇင်းတွေ ဝင်ငွေကျဆင်းပြီး ထုတ်လုပ်မှု ကုန်ကျစရိတ် မကာမိဖြစ်လာတယ်။ စီးပွားပျက်ကပ် ကြာရင်ကြာသလောက် စီးပွားရေး လုပ်ငန်းရှင်တွေနဲ့အတူ စာနယ်ဇင်းတွေပါ အထိနာပြီး တချို့နာလန်မထူနိုင်တဲ့အထိ ရောက်သွားကြတယ်။

## ကြော်ငြာရှင်အကြိုက် ကွာလတီတွေ

ဒီနေ့ မီဒီယာလောက အခက်ကြုံရတာက အင်တာနက်ကြောင့် သက်သက် မဟုတ်ဘူး။ မီဒီယာတွေက စတုတ္ထမဏ္ဍိုင် မဟုတ်ကြတော့လို့သာ ဖြစ်တယ်။ စာနယ်ဇင်းတွေကို ကယ်တင်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်း

mgyoe.com

mgyoe.com


ဟာ စာနယ်ဇင်းအားလုံး ကိုယ့်နေရာကိုယ် ပြန်သွားပြီး ကိုယ့်အလုပ်ကိုယ် လုပ်ကြဖို့သာ ဖြစ်တယ်။ ပုံနှိပ်စာနယ်ဇင်း အပါအဝင် မီဒီယာလုပ်ငန်း နိဂုံး မချုပ်ပါဘူး။ စတုတ္ထမဏ္ဍိုင် ပီသအောင် လုပ်ဖို့သာလိုတယ်လို့ တချို့ အကောင်း မြင်သမားများက သုံးသပ်ကြပါတယ်။ ဒီနေ့မြန်မာ့စာအုပ် ဈေးကွက် အခြေအနေ မကောင်းတဲ့ အကြောင်းကလည်း ထပ်တူထပ်မျှ မဟုတ်ပေမဲ့ နိုင်ငံတကာ ဖြစ်ပုံနဲ့ ခပ်ဆင်ဆင်ပါပဲ။ နောက်ကြောင်းပြန် လေ့လာကြည့်လိုက်ရင် စာအုပ် တွေ အထူးသဖြင့် မဂ္ဂဇင်းတွေ အရောင်းကျဆင်းလာတာက ကွာလတီမဂ္ဂဇင်း ဆိုပြီး ကြော်ငြာရှင်အကြိုက် စက္ကူချောချော၊ ရောင်စုံပုံများများနဲ့ မဂ္ဂဇင်းတွေ ပေါ်ပေါက်လာပြီး နောက်ပိုင်း အချိန်ကာလ ဖြစ်တယ်။ ကွာလတီဆိုတဲ့အတိုင်း ဈေးကလည်း ကွာလတီဖြစ်တာကြောင့် ဝယ်ဖတ်တဲ့သူအဖို့ အခက်ဖြစ်လာ တယ်။ ကွာလတီ မဂ္ဂဇင်းနှစ်အုပ်သုံးအုပ်လောက်ပဲ ထွက်ရသေးတဲ့အချိန်မှာ ကတည်းက ကွာလတီမဂ္ဂဇင်းတွေ ထွက်လာခြင်းဟာ မြန်မာမဂ္ဂဇင်းတွေအတွက် နေဝင်ချိန် ဖြစ်လာလိမ့်မယ်လို့ ရေးသားသတိပေးခဲ့ဖူးပါတယ်။ စာအုပ်ဈေးတွေက ကွာလတီဖြစ်သလို လူတွေရဲ့ ပိုက်ဆံအိတ်တွေက လိုက်ပြီး ကွာလတီဖြစ်တာ မဟုတ်လေတော့ ဖတ်ချင်ပေမဲ့ ဝယ်မဖတ်နိုင်တော့ဘူးလေ။

## ခိုလိုညည်းတဲ့အသံတွေ

နောက်ပြီး စာအုပ်တွေကသာ ကွာလတီဖြစ်တာ။ စာတွေက ကွာလတီ မဖြစ်ကြဘူး။ ဒီတော့ စာဖတ်ပရိသတ်က ဖတ်ချင်စိတ် ဘယ်ရှိတော့မှာလဲ။ စောစောပိုင်းကတော့ မဂ္ဂဇင်းကလည်း နည်းသေးတော့ ဝယ်ဖတ်စောင် ရေကျ သွားလည်း ကိစ္စမရှိဘူး။ ကြော်ငြာခ မြိုးမြိုးမြက်မြက်ကလေး ရနေတော့ ကျေနပ်နေကြတယ်။ စောစောလုပ်ပြီး သူဌေးဖြစ်သူလည်း ဖြစ်သွားကြတယ်။ နောက်တော့ မဂ္ဂဇင်းတွေ တိုးလာပြီး အားလုံးက ကွာလတီချည့် လုပ်ကြလေ တော့ ကြော်ငြာဝေစုရတာ နည်းသွားတယ်။ တွက်ခြေ သိပ်မကိုက်တော့ဘူး။ ၂၀၀၈ ခုနှစ်က စတဲ့ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးရဲ့ ဂယက်ကြောင့် စီးပွားရေး သမားတွေ ကြော်ငြာဖိုးများများ မသုံးနိုင်တဲ့ အခါကျတော့ ကြော်ငြာကို မှီခိုပြီး လုပ်ကိုင်နေကြတဲ့ မဂ္ဂဇင်းတွေအားလုံး ထိခိုက်ကုန်ကြတယ်။ ဒီမှာတင် ခို ညည်းသလို ညည်းသံတွေ ကျယ်လောင်လာတာ ဖြစ်တယ်။ စာပေအလုပ်၊ စာနယ်ဇင်းအလုပ်ကို စတုတ္ထမဏ္ဍိုင် အလုပ်အဖြစ် သဘောထား ရပ်တည်ချက်

mgyoe.com